

အချစ်သူရဲကောင်း
အိပ်မက်ကြွယ်
Pastel® Petizshin

# အချစ်သူရဲကောင်း
# အိပ်မက်ကြယ်
## အခန်း(၁)

"ဒိုင်း... ဒိုင်း... ဒိုင်း..."

"ရှေ့တက်ကြစမ်း..."

ခပ်ဝဲဝဲ အသံတစ်သံက မည်သည့်အရပ်ကမှန်းမသိ ထွက်လာပေမဲ့ ပြောက်ကျား ဝတ်ထားသည့် လူတွေက အသံကြားသည်နှင့် တစ်ပြိုင်နက် သစ်ပင်များကို အကာအကွယ်ယူကာ ရှေ့သို့ တက်လိုက်ကြသည်။

"ဒိုင်း..."

"အား..."

တစ်ယောက် ရှေ့တိုးလိုက်သည်နှင့် တစ်ဖက်က ကျည်ဆန်ကလည်း ချက်ချင်းပဲ ပြေးဝင်လာကာ ရှေ့တက်လာသည့် တစ်ယောက် သေနတ်မှန်ပြီး လဲကျသွားတော့၏။

"ဒိုင်း... ဒိုင်း..."

"အား... အား..."

တစ်ယောက် လဲကျသွားတော့ နောက်နှစ်ယောက်က ချက်ချင်းပဲ ရှေ့တက်လာသဖြင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ပြောက်ကျားနှစ်ယောက် မြေပြင်ပေါ်သို့ လဲကျသွားလေသည်။ ယမ်းငွေ့တွေကြားမှ သေနတ်သံတွေကလည်း မပြတ်သွားသလို အော်ဟစ်ညည်းတွားသံတွေ ကလည်း တရစပ် ထွက်နေ

ကြ၏။

နယ်စပ်ဒေသကလေး တစ်ခု၏ တောထဲမှ သေနတ်သံတွေကို ဆက်တိုက်ဆိုသလို ကြားနေရသည်။ တစ်ဖက်က အနက်ရောင် ကုတ်အင်္ကျီများ ဝတ်ထားကြသည့် အဖွဲ့က သစ်ပင်တွေ၏ အကွယ်ကနေ ရှေ့မှာ ရှိနေကြသည့် ပြောက်ကျားဝတ် အဖွဲ့ကို သေနတ်နှင့် ပစ်နေကြသည်။ လူနေ အိမ်ခြေများနှင့် ဝေးနေသဖြင့် သေနတ်သံတွေကို တောထဲမှာသာ ကြားနေ ရသည်။ ကုတ်အနက် ဝတ်ဆင်ထားကြသည့် လူတွေက ရှေ့မှာရှိသော ရန်သူတွေကို တည်ငြိမ် အေးဆေးစွာဖြင့် ရင်ဆိုင်နေကြသည်။ ထို့အတွက်ကြောင့်လည်း သူတို့ ပစ်မှတ်တွေက မလွဲကြခြင်း ဖြစ်သည်။

"ပစ်ကြစမ်းကွာ..."

အသံဝဲဝဲနှင့် အမိန့်ပေးနေသည့်လူက မည်သည့်နေရာ၌ ရှိနေသည်ကို ကုတ်အနက်များ ဝတ်ထားသည့် လူတွေ မသိကြပါ။

"အမိန့်ပေးနေတဲ့ကောင်ကို ရှာပြီး ရှင်းပစ်စမ်း..."

ဩဇာသံအပြည့်ပါကာ ခက်ထန်မာကျောသည့် အသံတစ်သံကြောင့် ကုတ်အနက် ဝတ်ထားသည့် လူတစ်ယောက်က ချက်ချင်းပင် သစ်ပင်တစ်ပင်ပေါ်သို့ မျောက်တစ်ကောင်လို လျင်မြန်စွာ ပြေးတက်သွားပြီး မှန်ပြောင်းတစ်ခုဖြင့် ပြောက်ကျားဝတ်များ ရှိနိုင်သည့် နေရာကို လှမ်းဆကာ ကြည့်လိုက်ပြီး သေနတ်နှင့် ချိန်လိုက်လေသည်။ တစ်ဖက် သစ်ပင်တစ်ပင်၏ အနောက်မှာ ရှိနေသည့် ပြောက်ကျားဝတ် လူတစ်ယောက်က အသံဝဲဝဲဖြင့် အမိန့်တွေပေးနေ၏။ သူ အဲဒီလူကို သေချာချိန်လိုက်ပြီး ပစ်ထည့်လိုက်ရာ

"ဒိုင်း..."

"အား..."

အဲဒီလူ မြေပြင်ပေါ် လဲကျသွားကာ လှုပ်ရှားမှုရှိ မရှိကို သေချာသည်အထိ သူ သေချာ ကြည့်ပြီးတော့မှ သစ်ပင်ပေါ်ကနေ ဆင်းလာလိုက်တော့သည်။

"အားလုံး ပြန်ဆုတ်..."

ယခုကြားရသည့် အသံက ခုနကလူထက် ပိုပြီး အသံဝဲလေသည်။ အဲဒီလူ၏ အသံဆုံးသည်နှင့် ပြောက်ကျားဝတ်ထားသည့် လူတွေအားလုံး နောက်သို့ ဖြည်းဖြည်းချင်း ဆုတ်ကာ တောနက်ထဲသို့ ပြန်လည် ဝင်ရောက် ပျောက်ကွယ် သွားကြတော့သည်။

"ဒဏ်ရာရတဲ့သူတွေကို ဂရုစိုက်ပြီးခေါ်ခဲ့ သေတဲ့သူတွေရဲ့ အလောင်းတွေကိုတော့ ဒီအတိုင်းထားခဲ့ အလကား အရှုံးသမားတွေ..."

"ဟုတ်ကဲ့ပါ ဘော့စ်..."

အဲဒီတော့မှ သူတို့တွေက ဒဏ်ရာရသူတွေကို တွဲထူလိုက်ကြကာ တိုက်ပွဲနေရာကနေ ထွက်လာလိုက်ကြတော့သည်။ အနက်ရောင်ကုတ်များ ဝတ်ထားကြသည့် အလောင်း နှစ်လောင်း သုံးလောင်းသည်တော့ တောထဲမှာ တိတ်ဆိတ်ခြင်းနှင့်အတူ ယမ်းငွေ့တွေကြားမှာ ကျန်ရစ်ခဲ့ကြတော့သည်။

***

Black Coat အဖွဲ့။

အဲဒီအဖွဲ့က မူးယစ်ရာဇာ လောကတွင် Top One ဖြစ်နေသည့် အဖွဲ့။ သူတို့အဖွဲ့က ပြတ်သားသည်။ အဖွဲ့သားအားလုံးက ငယ်ရွယ်ကြသလောက် အလုပ် လုပ်ရာမှာလည်း ဖျတ်ဖျတ်လတ်လတ်နှင့် တိကျလေသည်။ အားလုံးလိုလိုပင် အသက် (၂၀) မှ (၃၀) အတွင်း၌သာ ရှိကြ၏။ အားလုံးက များသောအားဖြင့် အဖွဲ့လိုက် လှုပ်ရှားကြသည့် နေရာတွင် အားသာကြသည်။

အလုပ်တစ်ခု ပြီးဆုံးသွားပြီ ဆိုပါက သူတို့၏ အထိမ်းအမှတ် ဝတ်စုံဖြစ်သော Black Coat ကိုချွတ်ကာ သာမန်အဝတ်အစားကို ပြန်လည် ဝတ်ဆင်ထားကြပြီး သူတို့၏ အပေါ်ယံဟန်ဆောင် အလုပ်တွေကိုသာ ဆက်လက်လုပ်ကိုင်ကြသူများ ဖြစ်သည်။ များသောအားဖြင့် ထိုအဖွဲ့သည် အလုပ်ချိန်မဟုတ်လျှင် တစ်ယောက်နှင့်တစ်ယောက် ပင်လျှင် တွေ့လေ့ မရှိကြပေ။ အကယ်၍ မတော်တဆ တစ်ယောက်ယောက် ဖမ်းမိသွားခဲ့ပါကလည်း အသက်သာ အသေခံပြီး သူတို့အဖွဲ့ အကြောင်းကို တစ်ခွန်းတလေမျှပင် ဖွင့်ဟကြသူများမဟုတ်။

ယခုလည်း Black Coat အဖွဲ့သည် အစည်းအဝေး တစ်ခုကို ကျင်းပနေကြလေသည်။ စားပွဲရှည်ကြီး၏ ထိပ်ဆုံးထိုင်ခုံတွင် နေကာမျက်မှန်ကို တပ်ထားကာ အနက်ရောင် ကုတ်အင်္ကျီ အရှည်ကြီးကို ဝတ်ထားသည့် လူတစ်ယောက်က တည်ကြည်ခက်ထန်သော မျက်နှာထားဖြင့် ငြိမ်သက်စွာ ထိုင်နေလေသည်။ ထိုသူသည် Black Coat အဖွဲ့၏ လက်ရှိ ခေါင်းဆောင်ကြီးပင်ဖြစ်သည်။ စားပွဲရှည်ကြီး၏ ဘေးနှစ်ဖက်မှာလည်း အဖွဲ့သားတွေက အသီးသီး နေရာယူထားကြသည်။ အားလုံးက တိတ်ဆိတ် ငြိမ်သက်စွာဖြင့် ထိုင်နေကြခြင်းဖြစ်သည်။ အစည်းအဝေး ခန်းမကြီးထဲတွင် စုစုပေါင်း လူဦးရေ ခြောက်ဆယ်တိတိ ရှိနေသည်။ စားပွဲရှည်ကြီး၏ ဘေးနှစ်ဖက်တွင် နှစ်ဆယ့်ငါးယောက်စီ ထိုင်နေကြကာ တည်ကြည်ခက်ထန်သော မျက်နှာထားနှင့် လူ၏ ဘေးမှာတော့ လူနှစ်ယောက်က ကျောက်ရုပ်ကဲ့သို့ မတ်တတ် ရပ်နေလေသည်။ အပေါက်ဝတွင် နှစ်ယောက်။ စားပွဲရှည်ကြီး၏ ပတ်ပတ်လည်တွင် ခြောက်ယောက် စုစုပေါင်း အစောင့် ဆယ်ယောက်နှင့် အဖွဲ့သား အယောက်ငါးဆယ် ရှိနေကြသည်။

"ပြီးခဲ့တဲ့တစ်ခေါက်မှာ ငါတို့တွေ အနိုင်ရခဲ့တယ်ဆိုပြီး ဒီတစ်ခေါက်မှာ

လုံးဝ ပေါ့လို့မရဘူးနော်..."

တိတ်ဆိတ်ခြင်းကို စတင် ဖြိုခွဲလိုက်သူကတော့ ခေါင်းဆောင်ကြီးပင် ဖြစ်လေသည်။

"ဟုတ်ကဲ့ပါ ဘောစ့်..."

"ဒီတစ်ခေါက်က ပိုပြီးအရေးကြီးတယ်... ပြီးတော့ အဖမ်းအဆီးလည်း များလိမ့်မယ်..."

"စိတ်ချပါ ဘောစ့် ကျွန်တော်တို့အားလုံး အသက်သေဆုံးရမယ် ဆိုရင်တောင် အဖွဲ့အပေါ် သစ္စာမဖောက်ပါဘူး..."

ဘောစ့်ဖြစ်သူက သူတို့အဖြေကို ငြိမ်သက်စွာဖြင့်သာ နားထောင်နေလေသည်။ အားလုံးကလည်း တည်ငြိမ်သော အကြည့်တွေဖြင့် ဘောစ့် ဖြစ်သူကိုကြည့်နေကြသည်။

"ဒီတစ်ခါမှာ ငါပဲဦးဆောင်မယ်..."

အားလုံးက ကျေနပ်သော အကြည့်တွေဖြင့် ကြည့်နေကြ၏။

"ဒါပေမဲ့ ဒါက နောက်ဆုံးပဲ ဖြစ်လိမ့်မယ်..."

"ဟင်..."

အားလုံး၏ နှုတ်ကနေ ထွက်လာသည့် အာမေဍိတ်သံက တစ်သံတည်းပင် ဖြစ်သည်။

"ဘာဖြစ်လို့ပါလဲ ဘောစ့်..."

ဘယ်လက်ရုံးတစ်ယောက်က ထမေးလိုက်တော့ အားလုံး၏ အကြည့်တွေက ဘောစ့် ဘာပြန်ဖြေမည် ဆိုသည်ကိုသာ စိတ်ဝင်တစား နားစွင့် နေကြ၏။

"ငါ့နေရာကို ဆက်ခံမယ့်လူရှိတယ်..."

"ဟင်..."

အားလုံးက အံ့သြသွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး စကားသံတချို့ ထွက်လာကြတော့၏။

"ဘော့စ် သူက ဘယ်သူပါလဲ..."

ညာလက်ရုံးက မေးလိုက်တော့ ဘော့စ်၏ အကြည့်တွေက ညာလက်ရုံးဆီသို့ စူးစိုက်စွာ ရောက်သွားကာ

"သူက ငါ့သားပဲ..."

အားလုံး၏ အသံက ပိုပြီးတော့ ကျယ်လောင်စွာ ထွက်လာကြတော့၏။ ဘော့စ်ဖြစ်သူ ကတော့ အားလုံးကို အကြည့်တစ်ချက်ဖြင့်သာ ကြည့်လိုက်ပြီး အကဲခတ်နေသလို မည်သည့်စကားမှ မပြောဘဲ ငြိမ်သက်နေလေသည်။

"ဘော့စ်ရဲ့သားဆိုတာ..."

"မင်းတို့မကြာခင် သိလာရမှာပဲ ဘာမှမစပ်စုနေနဲ့တော့... ငါ့နေရာကို ငါ့သားယူမယ် ဆိုပေမဲ့လည်း ငါက ငါ့သားရဲ့ နောက်ကွယ်မှာ အမြဲတမ်း ရှိနေမှာ ဆိုတာကိုလည်း မင်းတို့သိထားပါ..."

အားလုံးက ဘာမှမပြောတော့ဘဲ ငြိမ်သက်စွာဖြင့်သာ သူတို့ဘော့စ်၏ မျက်နှာကို ကြည့်နေကြ၏။

"ငါပြောတာတွေ အားလုံးကို မှတ်ထားပါ... ဒီတစ်ခေါက် ငါတို့ လုပ်မယ့် အလုပ်က အရေးကြီးတယ်... အစစအရာရာ ပြင်ဆင်ထားပြီး လိုအပ်ချက် မရှိပါစေနဲ့..."

"ဟုတ်ကဲ့ပါ ဘော့စ်..."

"အဲဒါဆို ဂျက်နဲ့ခေါင်တို့ကလွဲပြီး အားလုံး သွားလို့ရပြီ..."

ဘယ်လက်ရုံး ဂျက်နဲ့ ညာလက်ရုံး ခေါင်တို့က လွဲ၍ အားလုံးက အခန်းထဲ

မှ ထွက်သွားကြတော့သည်။

"ဘော့စ်..."

ဘော့စ်က သူတို့နှစ်ယောက်လုံးကို တစ်လှည့်စီ ကြည့်လာလေသည်။

"ခေါင် မင်း ရန်ကုန်ကို အမြန်ဆုံးပြန်ဆင်းပြီး ဒီလိပ်စာထဲက နေရာကို သွား..."

ဘော့စ်ကမ်းပေးလာသည့် စာတစ်စောင်ကို ခေါင် ယူလိုက်လေသည်။

"အဲဒီစာကိုပဲ အဲဒီလိပ်စာမှာနေတဲ့ ငါ့သားကိုပေးလိုက်ပါ..."

"ဟုတ်ကဲ့ပါ ဘော့စ်..."

"မင်း အဲဒီမှာနေရင်းနဲ့ သားကို ဒီတောင်ပေါ်ကို ခေါ်လာနိုင်အောင် ကြိုးစား ခေါင်... သားကို မဖြစ်မနေ ခေါ်လာခဲ့ရမယ် မင်းအတွက် အချိန် တစ်လပေးမယ် ခေါင်... တကယ်လို့ မင်း ပြန်မလာနိုင်ခဲ့ရင် ငါ့ကို အဆက် အသွယ်ရအောင်လုပ်ပါ ငါ ဂျက်ကိုလွှတ်လိုက်မယ်..."

"ဟုတ်ကဲ့ပါ ဘော့စ် အဲဒီအချိန်မတိုင်ခင် ကျွန်တော် ဘော့စ်ရဲ့သားကို ရအောင် ခေါ်ခဲ့ပါ့မယ်..."

ခေါင့်စကားကြောင့် ဘော့စ် မျက်နှာက သိသာစွာ ပြုံးသွား၏။

"အပြောမကြီးနဲ့ ခေါင် ... မင်းသွားခေါ်ရမယ့်လူက ငါ့သားနော်..."

"ဟုတ်ကဲ့ပါ ဘော့စ် ကျွန်တော် သေချာဂရုစိုက်ပါ့မယ်..."

"ကောင်းပြီ... ဂျက် မင်းလည်း ဒီကအလုပ်တွေကို သေချာဂရုစိုက်ပါ... ဒီ တစ်ခေါက်က အစစအရာရာ ဂရုစိုက်ရမှာလည်း ဖြစ်သလို အန္တရာယ် လည်းများတယ်... ဒါပေမဲ့ ငါတို့တွေ သေချာပေါက် အနိုင် ရရလိမ့်မယ် ဂျက်..."

"ဟုတ်ကဲ့ပါ ဘော့စ်..."

"ကောင်းပြီ ဒါဆို မင်းတို့သွားလို့ရပြီ..."

"ဟုတ်ကဲ့ပါ ဘောစ်..."

သူ့ရှေ့ကနေ ထထွက်သွားကြသည့် တပည့်နှစ်ယောက်ဖြစ်သူကို ကြည့်ရင်း ဘောစ်တစ်ယောက် ကျန်ခဲ့လေတော့သည်။

***

"ဖြောင်း... ဖြောင်း..."

နှစ်ချက်ဆင့်ကာ ရိုက်ခံလိုက်ရသည့် လက်ဝါးကို သူ မက်မက်မောမောေးကြည့်လိုက်မိပြီးမှ မဲ့ပြုံး ပြုံးလိုက်မိလေသည်။

"မိန်းမတစ်ယောက်ရဲ့မာန၊ မိန်းမတစ်ယောက်ရဲ့ သိက္ခာနဲ့ ကိုယ်ကျင့်တရားကို အချစ်ဆိုတဲ့ အရာက ဖျက်ဆီးပစ်နိုင်ခဲ့မယ်ဆိုရင် အဲဒီနေရာမှာပဲ ကြိုး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မယ်..."

"အဟား ကျွန်တော် မကို ချစ်ရေးဆိုခဲ့မိတဲ့အတွက် ရလဒ်က ပါးရိုက်ခံရခြင်းတဲ့လား မမ..."

ကြိုး သူ့မျက်နှာကို မုန်းတီးစွာ ကြည့်လိုက်ပြီး မျက်နှာကိုလည်း မဲ့ကာ အကြည့်တွေ ကိုလည်း လွှဲလိုက်မိလေသည်။

"မမ ကျွန်တော့်ကို ရိုက်ချင်သေးတယ် ဆိုရင်လည်း ဆက်ပြီးရိုက်ပါ မမ... ကျွန်တော်ကတော့ မမကို ဆက်ပြီးချစ်နေဦးမှာပဲ..."

"မင်းရဲ့ပါးစပ်ကနေ ချစ်တယ်ဆိုတဲ့အကြောင်း ထပ်ပြီး ကြားရဦးမယ် ဆိုရင် ငါ မင်းကို ပါးထပ်ရိုက်မိလိမ့်မယ်နော် ရာဇဝင်ဦး..."

သူမဘက်က ဒီလောက်ထိ ကြမ်းကြမ်းတမ်းတမ်း ပြောတာတောင်မှ သူ့ဘက်က အပြုံးမပျက်ဘဲ ပါးတစ်ဖက်ကို သူမဘက်သို့ ပေးထားကာ အရိုက်ခံဖို့ သူက အသင့် စောင့်နေသေးသည်။

"ရိုက်ပါဆို မမကလည်း... ရိုက်လေ..."

"တော်စမ်း မင်း ဒီလောက်ထိ မျက်နှာပြောင် တိုက်လိမ့်မယ်လို့ ငါ တကယ်မထင်ခဲ့ဘူး..."

"ကျွန်တော်က လူကောင်းတစ်ယောက်မှ မဟုတ်တာ မမရယ်... မျက်နှာပြောင်တိုက်တယ် ဆိုတာ ကျွန်တော့်အတွက်တော့ အသေးအမွှားပဲ လေ..."

ကြိုး ကားပါကင်ကနေ ကုမ္ပဏီထဲသို့ လှမ်းကြည့်လိုက်ပြီးမှ သူ့ကို ပြန်ကြည့်လိုက်ကာ

"မင်း ပြန်တော့ ရာဇဝင်ဦး... ဒီပတ်ဝန်းကျင်က ဘယ်သူ့ ပတ်ဝန်းကျင်လဲ ဆိုတာ မေ့နေတာလား..."

"ကျွန်တော့်အချစ်ကို မမ စဉ်းစားပေးမယ်ဆိုရင် ကျွန်တော် ပြန်မယ်..."

"မင်းလို ကလေ... ကျွတ်..."

ကလေကချေဟု ပါးစပ်ကနေ ထွက်ခါနီးမှ ကြိုး ပြန်ထိန်းလိုက်မိလေသည်။ သည်အချိန်မှာ သူ့ကို ကြမ်းကြမ်းတမ်းတမ်း ပြောလိုက်လျှင် သူ့ဘက်က ပိုပြီးအရွဲ့တိုက်လာဖို့ပဲ ရှိသည်။

"ပြောလေ မမ ရပါတယ် ကျွန်တော်က ကလေကချေပဲကို..."

"မင်းသွားတော့..."

"မမကလည်း ကျွန်တော်တို့က သူစိမ်းတွေလည်း မဟုတ်ဘဲနဲ့ မမ ဘာလို့ အဲ့လောက်တောင်မှ ခါးသီးနေရတာလဲဗျာ..."

"တောက် မင်းပါးစပ်ပိတ်ထားစမ်း..."

ဒေါသထွက်လိုက်တိုင်း နှုတ်ခမ်းလေး ကိုက်နေတတ်သည့် မမ၏ နှုတ်ခမ်းဖူးဖူးလေးကို သူမြတ်နိုးစွာ ကြည့်လိုက်ရင်း ပြုံးလိုက်မိလေသည်။

"မင်းနဲ့ကြိုး ဘယ်တုန်းကမှ ခင်မင်ရင်းနှီးခဲ့ကြတာ မဟုတ်ဘူးနော် ရာဇဝင်ဦး..."

"မမကလည်းဗျာ ကျွန်တော်တို့ ရင်းနှီးလာကြတာ တစ်နှစ်တောင် ပြည့်တော့မှာကို မမက ဘာလို့ အခုလို ပြောရက်တာလဲ..."

ကြိုး သူ့ကိုကြည့်ပြီး မျက်မှောင်ကြုတ်လိုက်ရင်း ပတ်ဝန်းကျင်ကိုလည်း ကြည့်လိုက်မိရာ ကုမ္ပဏီထဲသို့ အဝင်အထွက် လုပ်နေကြသည့် ဝန်ထမ်းတွေ၏ အကြည့်တွေက ကြိုးနှင့် ရာဇဝင်ဦးတို့ဆီ၌သာ ရောက်နေကြလေသည်။

"မင်းပြန်တော့ ရာဇဝင်ဦး..."

"အင်းပါ ဒါဆိုလည်း ကျွန်တော် ပြန်တော့မယ်နော် မမ... နောက်နေ့မှ ကျွန်တော် ထပ်လာခဲ့ပါ့မယ်..."

"ဘာ..."

ကြိုး သူ့ကိုပြန်ပြောမလို့ ဟန်ပြင်နေတုန်းမှာပင် ရာဇဝင်ဦးက ကြိုးကို လက်ပြကာ လှည့်ထွက် သွားလေတော့သည်။ သွားသည့်ပုံစံကလည်း သူငယ်နာ မစင်သေးသော ကလေးတစ်ယောက် ကဲ့သို့ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ကပ်ထဲသို့ ထည့်ကာ ဟိုကြည့်သည်ကြည့်ဖြင့် တွေ့သမျှလူတွေကိုလည်း သူနှင့်ငယ်ပေါင်းတွေလို နှုတ်ဆက်နေ၏။ ကြိုး သူ့ကို အမြင်ကတ်စွာဖြင့် မျက်စောင်းထိုးကာ ကုမ္ပဏီ ထဲသို့ ပြန်လှည့် ဝင်လာလိုက်တော့သည်။

***

## အခန်း(၂)

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်။ လူတွေအားလုံး ပျားပန်းခပ် တမျှ ရှုပ်ယှက်ခတ်နေကြသည်။ စင်ကာပူမှ ရောက်ရှိလာသည့် လေယာဉ်တစ်စီးက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်လာ၏။ လေယာဉ်ပေါ်က ခရီးသွား တစ်ယောက်ပြီး တစ်ယောက်ကလည်း ဆင်းလာကြသည်။ ခရီးသည်များထဲမှ အနက်ရောင် ကုတ်အင်္ကျီနှင့် လူတစ်ယောက်။ သူကတော့ မာန်။ မြန်မာနိုင်ငံ စီးပွားရေးလောက၏ ဘုရင်တစ်ပါးလည်း ဖြစ်သလို ပြည်ပနိုင်ငံတွေ၌လည်း နာမည်ရနေသူ တစ်ဦးဖြစ်သည်။

လေယာဉ်ပေါ်မှ ဆင်းဆင်းချင်း သူ့အကြည့်တွေက လာကြိုနေကြသည့် လူတွေကို လိုက်ကြည့်ကာ သူ့နာမည်ဆိုင်းဘုတ်ကို ကိုင်ထားကာ ရပ်နေသူကို လိုက်ရှာလိုက်တော့ ထောင့်တစ်ထောင့်မှာ မတ်တတ်ရပ်နေသည့် လူငယ်တစ်ယောက်ကို တွေ့လိုက်ရ၏။ သူက နေကာမျက်မှန်ကို ချွတ်လိုက်ပြီး အဲဒီ လူငယ်လက်ထဲက နာမည်ဆိုင်းဘုတ်ကို ကြည့်လိုက်ပြီးမှ မျက်မှန်ကို ပြန်တပ် လိုက်ပြီး အဲဒီလူရှိရာသို့သွားလိုက်၏။

"Please... မင်းက ငါ့ကိုလာကြိုတဲ့သူလား..."

အဲဒီလူငယ်က သူ့ကို မျက်မှောင်ကြုတ် ကြည့်လာပြီး ဆိုင်းဘုတ်ကိုလည်း ကြည့်လိုက်ကာ

"ခင်ဗျားက ဦးရတုမာန်လား..."

"ဟုတ်တယ်... ငါ့ကိုလာကြိုဖို့ မင်းကို ဦးစော လွှတ်လိုက်တာမို့လား..."

"ရှင်းပြရမှာ နည်းနည်းတော့ ရှုပ်တယ်ဗျ ကားပေါ်ရောက်မှ ရှင်းပြမယ်… ခင်ဗျားက ဂျာနယ်လစ်တွေနဲ့ တွေ့လို့မရဘူးမို့လား လာမြန်မြန် သွား ရအောင်…"

ပြောရင်းနှင့် ရှေ့ကနေထွက်သွားသည့် လူငယ်ကိုကြည့်ကာ မာန်အလိုမကျ ဖြစ်သွားမိလေသည်။ သည်လူငယ်က ကုမ္ပဏီက ဝန်ထမ်းပဲလား။ ပုံစံက ထောင့်မကျိုးဘူး။ ဦးစောက ဘယ်လိုလူမျိုးတွေကို အလုပ်ခန့်ထားတာလဲ။ မဖြစ်သေးပါဘူး ဒီလိုလူငယ်တွေကို ကုမ္ပဏီမှာ အလုပ်ခန့်ရင် ကုမ္ပဏီရဲ့ ပုံရိပ်ကောင်းတွေကို ထိခိုက်လိမ့်မယ်။ မာန် တွေးရင်းနှင့် အဲဒီလူငယ်အနောက်ကို လိုက်သွားလိုက်သည်။ လူငယ်ဆိုပေမဲ့လည်း သူ့ထက် ရှစ်နှစ်လောက်သာ ငယ်မည့်ပုံပင်။ ကားအနား ရောက်သွားတော့လည်း သူ ကားပေါ် မတက်ရသေးခင်မှာပဲ အဲဒီလူငယ်က ကားစက်နိုးနေပြီ ဖြစ်သဖြင့် သူ ကားပေါ်ကို မြန်မြန် တက်လိုက်ရလေသည်။ ကြည့်ရတာ ဒီလူငယ်က သူ့ကုမ္ပဏီက ဝန်ထမ်းမဖြစ်နိုင်ဘူး။ သူ့ဝန်ထမ်းသာဆိုလျှင် သူ့အထက်လူကြီးကို အခုလို ပုံစံမျိုး လုပ်မှာမဟုတ်ဘူး။

"ရပြီလား…"

"ရပြီ…"

ပုံစံကလည်း သန့်သန့်ပြန့်ပြန့်လေး ဆိုတော့ ဝန်ထမ်းမဖြစ်နိုင်တာ သေချာတယ်။ ဒါဆို သူက ဘယ်သူလဲ။ မာန် ကားမောင်းနေတဲ့လူငယ်ကို ကြည့်လိုက်ကာ

"မင်းက ဘယ်သူလဲ…"

"ကျွန်တော်က ဘယ်သူမှမဟုတ်ဘူး…"

"ဘာ…"

"ဟုတ်တယ် တကယ်တော့ ကျွန်တော် ခင်ဗျားကို လာကြိုပေးတယ် ဆိုတာက ဦးစောဆိုတဲ့လူကို ကူညီခဲ့ရုံပဲ..."

"မင်းပြောတာ ငါ မရှင်းဘူး..."

မာန် အဲ့လိုပြန်ပြောလိုက်တော့ လူက စိတ်မရှည်သလို ဖြစ်သွားသည့်လေသံဖြင့်

"ဒီလိုဗျာ... ကျွန်တော် ဒီနေ့ အပြင်ထွက်တော့ လမ်းမှာ ကားတစ်စီး ရပ်ထားတာကို တွေ့မိတာနဲ့ ဘာဖြစ်တာလဲဆိုပြီး သွားကြည့်လိုက်တာ ခင်ဗျားကို လာကြိုတဲ့ ဦးစောဆိုတဲ့လူက ကားခေါင်းထဲမှာ ကားစီယာတိုင်ပေါ် ခေါင်းကို မှောက်ထားတာနဲ့ ကျွန်တော်လည်း ဘာဖြစ်တာလဲ ဆိုပြီး မေးလိုက်တာ သူက ခေါင်းတွေအရမ်းမူးပြီး ကားဆက် မမောင်းနိုင်တော့ဘူး ဆိုတာနဲ့ ကျွန်တော် သူ့ကို သူ့အိမ်ပြန်ပို့ခဲ့ပြီး ခင်ဗျားကိုလာကြိုပေးတာပဲ..."

"ဪ..."

ဒီလူငယ်က အပြောအဆို မတတ်ပေမဲ့ စိတ်ထားကောင်းသားပဲလို့ သူ တွေးလိုက်မိကာ စိတ်ထဲကနေပဲ ပြုံးလိုက်မိလေသည်။

"ခင်ဗျားကို ဘယ်လိုက်ပို့ပေးရမှာလဲ..."

"အိမ်ကိုပဲ လိုက်ပို့ပေးပါ..."

"ကောင်းပြီလေ..."

"မင်းကို ကျေးဇူးတင်ပါတယ်..."

"ရပါတယ်ဗျာ ကျွန်တော်က လမ်းကြုံလို့ ကူညီခဲ့ရုံသက်သက်ပါ..."

"အင်း..."

သည်လူငယ်၏ ပုံစံက ကတ်တတ်တတ် ဆိုပေမဲ့လည်း စိတ်ဓာတ်ကိုတော့ သူ သဘောကျသွားမိသည်။ သည်လိုခေတ်မှာ သူ့လိုလူငယ်တွေရှိနေ

သေးတာက သည့်နိုင်ငံကြီး အတွက် ကောင်းသည်။

"ဦးစောဆိုတဲ့လူ ပြောတဲ့အတိုင်းဆိုရင် ရှေ့က စံအိမ်က ခင်ဗျားအိမ်ပေါ့ ဟုတ်လား ဦးရတုမာန်..."

"ဟုတ်တယ်..."

လူငယ်က ကားကို စံအိမ်ရှေ့မှာ ရပ်လိုက်တော့ ခြံတံခါးက ပွင့်လာကာ ကားကို အထဲသို့မောင်း ဝင်လိုက်လေသည်။ အိမ်ရှေ့ ဆင်ဝင်အောက်မှာ ကားကိုရပ်လိုက်ပြီး အဲဒီလူငယ်က ကားပေါ်ကနေဆင်းလိုက်တော့ သူလည်း ဆင်းလိုက်လေသည်။

"အိမ်ထဲဝင်ပြီး မင်း တစ်ခုခုစားပါဦးလား..."

"တော်ပြီဗျ ကျွန်တော် သွားစရာရှိသေးတယ် ဒီမှာ ကားသော့..."

မာန် သူ့လက်ထဲက ကားသော့ကို ယူလိုက်ကာ

"ကျေးဇူးတင်ပါတယ်..."

"ရပါတယ် ကျွန်တော် သွားတော့မယ်..."

"အင်း..."

သူ့ ခြံထဲကနေ ထွက်သွားသည့် လူငယ်၏ ကျောပြင်ကို ကြည့်လိုက်ကာ တစ်ခုခုကို သတိရသွားသလို မျက်မှောင်ကြုတ်သွားမိလေသည်။

"ဟင် သူ့နာမည် မမေးလိုက်မိဘူး..."

အင်း... ရေစက်ပါရင်တော့ ပြန်ဆုံကြရမှာပါလေ။ ဒီလူငယ်က ဦးစောကို တောင် ဆေးရုံပို့ပေးခဲ့တယ် ဆိုတော့ ပုံစံကသာ ပေကတ်ကတ်နိုင်တာ တကယ့်စိတ်ရင်း ကတော့ ကောင်းမယ့်ပုံပါပဲ။ ဦးစောရော သက်သာရဲ့လား မသိဘူး ဖုန်းဆက်မေးရဦးမယ်။

***

အိမ်ထဲကိုဝင်ဝင်ချင်း ဧည့်ခန်းထဲမှ လူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် သူအံ့ဩသွားကာ မျက်မှောင် ကြုတ်လိုက်ပြီး အနားသို့ ဖြည်းဖြည်းချင်း ကပ်သွားလိုက်လေသည်။ အနက်ရောင် ကုတ်အင်္ကျီကို ဝတ်ထားသည့် လူတစ်ယောက်က ဧည့်ခန်းဆိုဖာပေါ်မှာ အိမ်ရှင်တစ်ယောက်ကဲ့သို့ ခြေထောက်တစ်ဖက်ပေါ်သို့ နောက်တစ်ဖက်ကို တင်ကာ ထိုင်နေလေသည်။ သူ အနောက်ကနေ အသာလေး ကပ်သွားလိုက်ပြီး အဲဒီလူကို ရန်ပြုရန် အဲဒီလူရဲ့ပခုံးကို လှမ်းပြီး ဆုပ်ကိုင်လိုက်ရာ ရုတ်တရက် အဲဒီလူ၏ တုံ့ပြန်မှုက လျှပ်စီးကဲ့သို့ လျင်မြန်စွာဖြင့် သူ၏ လက်ကို ခပ်ကြမ်းကြမ်း ဆွဲကာ လိမ်လိုက်သဖြင့် သူ နာကျင်စွာဖြင့် အော်လိုက်မိတော့သည်။

"အား..."

အဲဒီလူက သူ့လက်ကို ပိုပြီး နာကျင်အောင် ဆုပ်ကိုင်ထားသဖြင့် သူ စိတ်တိုလာမိတော့သည်။ ဒယ်ဒီရှိတုန်းက ကိုယ်ခံပညာ နည်းနည်းလေးတောင် မသင်ခဲ့မိသည့် သူ့ကိုယ်သူ နောင်တ ရမိလာတော့သည်။ သည်လူက ဘယ်သူမို့လို့ ပိုင်စိုးပိုင်နင်း အိမ်ထဲအထိ ဝင်ကာ သူ့ကို ရန်ပြုတာလဲ။

"ခင်ဗျား ဘယ်သူလဲ..."

"မင်းက ရာဇဝင်ဦးလား..."

"ခင်ဗျား ဘယ်သူလဲဆိုတာ အရင်ပြော..."

"မင်းက ဘော့စ်ရဲ့သား မပီသလိုက်တာ ရာဇဝင်ဦးရာ..."

"ဟင်..."

အဲဒီလူ၏ စကားကြောင့် သူအံ့ဩသွားတုန်းမှာပဲ အဲဒီလူက သူ့လက်ကို လွှတ်ကာ မတ်တတ်ရပ်လာပြီး သူ့ကိုခေါင်းတစ်ချက် ညိတ်ပြ လာလေသည်။

"ကျွန်တော်က ဘောစ်ရဲ့ ညာလက်ရုံး ခေါင်ပါ သခင်လေး..."

သူ နာကျင်နေသည့် လက်ကို အသာဖိထားလိုက်ကာ ဒယ်ဒီ့ ညာလက်ရုံးကို ကြည့်လိုက်တော့ အဲဒီလူက သူ့ကိုကြည့်ကာ ပြုံးပြလာလေသည်။

"ကျွတ် နာလိုက်တာဗျာ..."

"ဆောရီးပါ သခင်လေး... ကျွန်တော်က ဘောစ်ရဲ့သားဆိုတော့ အထင်မသေးရဲဘဲ ပညာစမ်းလိုက်တဲ့ သဘောပါပဲ..."

သူ လက်တစ်ဖက်ကို တခြားလက်တစ်ဖက်နှင့် အသာဖိထားရင်းကနေ နာကျင်စွာ ညည်းတွားလိုက်ပြီး ဆိုဖာပေါ်မှာ ထိုင်လိုက်လေသည်။

"ကျွတ်... ကျွတ်... ကျွန်တော်က ဒယ်ဒီ့သားဆိုပေမဲ့ ဒယ်ဒီနဲ့ တူတာဆိုလို့ ခေါင်းမာတာတစ်ခုပဲ ရှိတာဗျ... ခင်ဗျားကို ပြန်ပြီး မခုခံနိုင်ခဲ့တာ ကျွန်တော့်အပြစ်ပါဗျာ... ဒယ်ဒီ သင်ပေးခဲ့တုန်းက ကျွန်တော်မှ မသင်ခဲ့မိတာ..."

"ဘောစ်အစား ကျွန်တော်သင်ပေးပ့ါမယ် သခင်လေး..."

သူထိုင်ပြီး စကားပြောနေတာတောင်မှ ဒယ်ဒီ့ညာလက်ရုံးက မထိုင်သေးဘဲ မတ်တတ်ရပ်လျက်နဲ့ သူ့ကို စကားပြန်ပြောနေ၏။

"ထိုင်လေဗျာ ဘာလို့အခုမှ မတ်တတ်ရပ်နေရတာလဲ ခုနကကျတော့ ဆိုဖာပေါ်မှာ မြိန့်မြိန့်ကြီးထိုင်ပြီး ကျွန်တော့်ကိုအန္တရာယ်ပြုနေပြီးတော့..."

သူ့စကားကြောင့် ညာလက်ရုံးခေါင်က ခေါင်းယမ်းရင်းနဲ့ပြုံးကာ ထိုင်လိုက်လေသည်။

"ဒါနဲ့ ဒယ်ဒီ လွှတ်လိုက်တာ ဆိုတော့ ဘာကိစ္စရှိလို့လဲဗျ..."

"ဟုတ်ကဲ့ သခင်လေး... ဘောစ်က သခင်လေးကို စာပေးလိုက်ပါတယ်..."

ပြောရင်းနှင့် သူက သူ့အနက်ရောင် ကုတ်အင်္ကျီ အိတ်ကပ်ထဲကနေ စာအိတ် တစ်အိတ်ကို ယူကာ သူ့ကို ကမ်းပေးလာသဖြင့် သူယူလိုက်လေ

သည်။

"သခင်လေးလက်က ဒဏ်ရာကို ကျွန်တော် ဆေးလိမ်းပေးပါ့မယ် ဆေး ဘယ်နားမှာ ရှိလဲ သခင်လေး..."

"ကျွန်တော့်ကျောဘက်က အခန်းထဲက ဘယ်ဘက်ဗီရိုထဲမှာ ရှိတယ်... အပေါ်ဆုံးထပ်မှာနော်..."

"ဟုတ်ကဲ့ သခင်လေး..."

သူ့ရှေ့ကနေ ထသွားသည့် ညာလက်ရုံးကို ကြည့်လိုက်ပြီးတော့မှ သူ ဒယ် ဒီ ပေးလိုက်တဲ့စာကို ဖတ်လိုက်လေသည်။

"သား... ရာဇဝင်ဦး အခုဆိုရင် သားလည်း ကျောင်းပြီးသွားပြီ ဆိုတော့ ဒယ်ဒီဆီကိုလာခဲ့ပါ... ဒီမှာရှိနေတဲ့ ဒယ်ဒီ့လုပ်ငန်းတွေကို သား ဦးဆောင် ပြီးလုပ်ရမယ် သား... တကယ်လို့ သားနေချင်သေးတယ် ဆိုရင် အဲဒီမှာ ဒ ယ်ဒီ့ရဲ့ညာလက်ရုံး ခေါင်နဲ့အတူ တစ်လနေပြီးမှ ဒယ်ဒီ့ဆီကို ခေါင်နဲ့ အတူတူ ပြန်လာခဲ့ပါ သား... သားက ဒယ်ဒီတို့ အဖွဲ့ရဲ့ လမ်းပြခေါင်းဆောင် ဆိုတာ မမေ့ပါနဲ့... သားရဲ့လက်ထဲမှာ လူဦးရေရာကျော်ရှိတဲ့ ဒယ်ဒီတို့အဖွဲ့ သားတွေရဲ့ဘဝတွေရှိတယ် ဆိုတာကို သား မမေ့ပါနဲ့... ဒယ်ဒီ သားကို မျှော် နေမယ် သား...

ချစ်ခင်အောက်မေ့စွာဖြင့် သားရဲ့ဒယ်ဒီ..."

ဒယ်ဒီ့စာကိုဖတ်ကာ သူ စိတ်ညစ်သွားမိတော့သည်။

"သခင်လေး..."

ခေါင်က ဆေးသေတ္တာကိုယူကာ သူ့အနားသို့ရောက်လာလေသည်။

"သခင်လေးလက်ကဒဏ်ရာကို ဆေးလိမ်းပေးပါ့မယ်... ဘယ်နေရာ နာ သွားတာလဲ သခင်လေး... "

"လက်ကောက်ဝတ်..."

"အင်း..."

ခေါင်က ဆေးဘူးကိုဖွင့်ကာ သူ့လက်ကိုဆွဲပြီး လက်ကောက်ဝတ်ကို ဆေးလိမ်းပေး နေလေသည်။ သူ့စိတ်ထဲမှာတော့ ဒယ်ဒီ့နောက် လိုက်မသွား ရဖို့အတွက်ကိုသာ အပြေးအလွှား စဉ်းစားနေမိတော့သည်။ ဒယ်ဒီ့အလုပ်တွေကို သူမလုပ်ချင်။ တရားမဝင်ဘူးဆိုတာ သိလေ ပိုပြီး မလုပ်ချင်လေဖြစ်သည်။ သူက မည်သူနှင့်မှ ရန်ဖြစ်ဖူးသည့်သူ မဟုတ်၊ ဒယ်ဒီ့လိုသာ တခြားအဖွဲ့တွေနှင့် ပစ်ခတ်ရမည်ဆိုလျှင် သူသေလိမ့်မည်။ အခုလိုပြောလိုက်သည့် အတွက် ကျွန်တော် ကြောက်တယ်လို့ ထင်ရင်ထင်လိမ့်မည်။ သို့သော် ထိုသို့သော ထင်မြင်ချက်က မမှားပေ။ ကျွန်တော်က ကြောက်တတ်တယ်ဗျ။ ကျွန်တော်က မမနဲ့ ပတ်သက်လာရင်သာ လူဆိုးလိုလို ဘာလိုလို ဒါမှမဟုတ် မမအတွက် သူရဲကောင်းဖြစ်ချင် ဖြစ်လိမ့်မယ် အခုလို ဒယ်ဒီ့လို လက်နက်တွေကိုင်ပြီး ပစ်ခတ်မယ်ဆိုရင်တော့ အဲဒီနေရာမှာတင် ကျွန်တော် ကြောက်သေး ထွက်နေမှာ။ ဘဝမှာ ကျွန်တော် ဖြစ်ချင်တာဆိုလို့ မမရဲ့သူရဲကောင်းပဲ။

"သခင်လေး..."

"ပြောလေ..."

"ကျွန်တော်နဲ့အတူ ဘော့စ်ဆီကိုလိုက်ခဲ့ပါ..."

သူ ခေါင့်ကိုကြည့်လိုက်ပြီးမှ အကြည့်တွေကို လွှဲလိုက်ကာ

"ကျွန်တော် မလိုက်ဘူး ကိုခေါင်... ကျွန်တော် ဒယ်ဒီ့အလုပ်တွေကို မလုပ်ချင်ဘူး..."

"ဟင်..."

ဒယ်ဒီ့ညာလက်ရုံးက သူ့ကိုအံ့ဩသလို ကြည့်လာပြီးတော့မှ ဘာမှ မပြောဘဲ သူ့လက်ကို လိမ်းလို့ပြီးသွားသည့် ဆေးဘူးကိုပြန်ပိတ်လိုက်လေသည်။ သူလည်း သူ့လက်ကိုသူ အနည်းငယ် လှုပ်ရှား ကြည့်လိုက်ပြီးတော့မှ ကိုခေါင့်ကို ကြည့်လိုက်ရာ ကိုခေါင်က ဆေးဘူးကို ဆေးသေတ္တာထဲသို့ ပြန်ထည့်နေ၏။

"ဘော့စ်က သခင်လေးကို အများကြီး မျှော်လင့်ထားခဲ့တာနော် သခင်လေး... သူ့အလုပ်တွေကို သခင်လေးကို လွှဲပေးမယ်ဆိုတာ သူ တော်တော်လေးကို စဉ်းစားပြီးမှ ပြောခဲ့တာပဲနေမှာ..."

"ကျွန်တော်က ဒယ်ဒီဘာလုပ်နေတယ် ဆိုတာ သိပေမဲ့ ဘယ်လို လုပ်တယ် ဆိုတာကိုမသိသလို တစ်ခါမှလည်း ဒယ်ဒီနဲ့အကြာကြီး နေဖူးတာ မဟုတ်ဘူး ကိုခေါင်..."

"အဲဒါကို ကျွန်တော်သိပါတယ် သခင်လေး... အဲဒါကြောင့်လည်း ဘော့စ်မှာ သားရှိတယ်လို့ ပြောခဲ့တုန်းက ကျွန်တော်တို့အားလုံး မယုံခဲ့တာပေ့ါ... ဘာလို့လဲဆိုတော့ ဘော့စ်မှာ သားရှိတဲ့အကြောင်း ကျွန်တော်တို့ တစ်ခါမှ မကြားဖူးခဲ့သလို သိလည်း မသိခဲ့ရဘူး အခုလို ရုတ်တရက်ကြီး ဘော့စ်ရဲ့နေရာကို ဘော့စ်ရဲ့သားကို လွှဲပေးမယ်ဆိုတာကို ကြားလိုက်ရတော့ ကျွန်တော်တို့ အားလုံး အံ့ဩသွားခဲ့ကြတာ... ဘော့စ်က သခင်လေးကို ယုံကြည်လို့ အပ်ခဲ့မှာကို ဘာလို့ သခင်လေး လက်မခံရတာလဲ..."

"ကျွန်တော်က ဘာမှလုပ်တတ်တာ မဟုတ်ဘူး..."

"ကျွန်တော်တို့ သင်ပေးမှာပေ့ါ..."

"ဒယ်ဒီ့လို ပစ်တတ်ခတ်တတ်ဖို့ နေနေသာသာ ကျွန်တော်က ကိုယ်ခံပညာတောင် တစ်ခါမှ မသင်ခဲ့ဖူးဘူး..."

"အဲဒါလည်း မစိုးရိမ်ပါနဲ့ သခင်လေး... ကျွန်တော်က ဘော့စ်ရဲ့ ညာလက်ရုံးပါ သခင်လေးကို အားလုံး သင်ပေးနိုင်ပါတယ်..."

ဒယ်ဒီ့ညာလက်ရုံးကိုကြည့်ကာ သူ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားတော့သည်။ ဒယ်ဒီ့အလုပ်ကိုသာ သူဦးဆောင်လိုက်ရင် ကြောက်တတ်တဲ့ သူ့ပုံစံနဲ့ ပစ်ခတ်သံတွေကြားမှာ သူ ပုန်းစရာနေရာတောင် ရှိမှာမဟုတ်ဘူး။ ဟင့်အင်း မဖြစ်ဘူး။

"ကျွန်တော် မလုပ်နိုင်ဘူး ကိုခေါင်..."

"စဉ်းစားပါဦး သခင်လေး... ကျွန်တော်တို့မှာ အချိန်တစ်လရှိပါသေးတယ်... ဒီတစ်လ အတွင်းမှာ ကျွန်တော်လည်း သခင်လေးနဲ့အတူနေပြီး သခင်လေး တတ်သင့် တတ်ထိုက်တဲ့ ပညာတွေကို သင်ပေးသွားမှာပါ သခင်လေး..."

ကိုခေါင့်ပုံစံက သူ့ကို တကယ်ပဲ သင်ပေးတော့မည့်ပုံပင်။ ဟင့်အင်း ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် သူ ဒယ်ဒီ့နောက်ကိုတော့ လိုက်မသွားနိုင်ပါ။

"သခင်လေး ခရီးပန်းလာလို့ ကျွန်တော်နားတော့မယ် ကျွန်တော့်အခန်းကို လိုက်ပြပေးလို့ ရမလား..."

"ရတယ် ကြိုက်တဲ့အခန်းသာနေပါ ဒီအိမ်မှာ ကျွန်တော် တစ်ယောက်ထဲပဲနေတာ..."

"သခင်လေးက ဘယ်အခန်းမှာ နေတာလဲ..."

"ကျွန်တော်က အပေါ်ထပ်မှာနေတာ..."

"အဲဒါဆို ကျွန်တော် အောက်ထပ်မှာ နေလိုက်ပါ့မယ် သခင်လေး..."

"အဆင်ပြေတဲ့အခန်းမှာနေပါ..."

"ဟုတ်ကဲ့..."

ကိုခေါင်က သူ့ခရီးဆောင်အိတ်ကို ကိုင်ထားရင်းကနေ အောက်ထပ်အခန်းတွေကို လိုက်ကြည့်နေလေသည်။ ပြီးတော့မှ အိမ်ဝင်ပေါက် တံခါးနှင့်လည်းနီး မီးဖိုဆောင်နှင့်လည်း နီးသည့် အခန်းတစ်ခန်းထဲသို့ ဝင်သွားလေတော့သည်။

"ဗျူး..."

ကိုခေါင့်ပုံစံက တိုင်းရင်းသားပီပီ တောင့်တောင့်ဖြောင့်ဖြောင့်နှင့် အပင်ပန်းခံနိုင်ကာ အကြောက်အလန့် မရှိတဲ့ပုံပင်။ သူနဲ့တော့ တခြားစီပါလားနော်။ အို ဘာပဲဖြစ်ဖြစ် သူက မမအတွက်ပဲ သူရဲကောင်း ဖြစ်ချင်တဲ့သူ အဲ့တော့ မမကို ကာကွယ်ပေးနိုင်အောင် လို့တော့ ကိုခေါင့်ဆီက ကိုယ်ခံပညာနည်းနည်းပါးပါးလောက်တော့ သင်ထားရမယ် ဟုတ်တယ်။ သူက သူ့အကြံကိုသူ သဘောကျသွားကာ ကျေနပ်စွာ ပြုံးလိုက်မိလေတော့သည်။

***

အခန်း(၃)

ကုမ္ပဏီထဲသို့ဝင်ဝင်ချင်း ကျက်သရေရှိသော မျက်နှာလေးတစ်ခုအား မြင်လိုက်ရသဖြင့် တဒင်္ဂအတွင်းမှာပဲ မာန့်ခြေလှမ်းတွေ တန့်သွားလေတော့သည်။ ဝန်ထမ်းအချင်းချင်း စကားပြောကာ ရယ်မောနေသည့် ဒီမိန်းကလေးက ဘယ်သူများလဲ။ သူ့ရင်တစ်ခုလုံးကို သိမ်းပိုက်နိုင် လောက်အောင်အထိ သူမအပြုံးတွေက မှော်ဆန်လွန်းပါသည်။

"သူဌေး..."

အသံနှင့်အတူ မန်နေဂျာကိုဦးက သူ့အနားသို့ ရောက်လာလေသည်။ သူ အဲဒီမိန်းကလေးဆီ ရောက်နေသည့် အကြည့်တွေကို ကိုဦးဆီသို့ လွှဲလိုက်ကာ

"ဪ ကိုဦး... ဦးစော သက်သာရဲ့လား..."

ကိုဦးက သူ့လက်ထဲက စာရွက်စာတမ်းတွေ ထည့်ထားသည့်အိတ်ကို ယူလိုက်ရင်းကနေ

"ဟုတ်ကဲ့ သူဌေး အဖေသက်သာပါတယ်..."

"အင်း ရုံးခန်းထဲသွားရအောင်..."

"ဟုတ်ကဲ့... ဒါနဲ့ မနေ့က သူဌေးကို လာကြိုတဲ့လူငယ်က ဘယ်သူလဲ ဆိုတာ သူဌေးသိခဲ့ရလား..."

သူ ရုံးခန်းထဲသို့ဝင်လိုက်ကာ မနေ့ကလူငယ်ကို သတိရသွားမိလေသည်။

"ဟင့်အင်း ငါ သူ့နာမည်တောင် မမေးလိုက်မိဘူး..."

"အဖေက သူ့ကို ကျေးဇူးတင်နေတာ သူဌေးရဲ့... အဲဒါကြောင့် သူ့ကို ကျေးဇူးတင်စကား ပြောချင်လို့ပါ..."

"ဟုတ်တယ် ငါလည်း မေးဖို့ကို ဘာလို့မေ့သွားမှန်း မသိဘူး..."

"နောက်ဆို ဆုံရင်လည်းဆုံမှာပါ... ကျွန်တော် သူ့ကို မမြင်ဖူးပေမဲ့ အဖေ သူ့ကိုမြင်ခဲ့တာပဲလေ..."

"အင်း..."

သူ ခုံမှာဝင်ထိုင်လိုက်ပြီး စားပွဲပေါ်မှာရှိနေသည့် လက်တော့ပ်ကို ဖွင့်လိုက်ကာ သူမရှိခဲ့သည့် သည်သုံးလအတွင်း ကုမ္ပဏီ၏ လည်ပတ်ပုံကို ကြည့်လိုက်လေသည်။ အစီရင်ခံစာတွေကို မန်နေဂျာကိုဦးက မေးလ်နှင့်ပို့ထားသဖြင့် အသေးစိတ် အချက်အလက်တွေ ကိုတော့ သူသိထားပြီး ဖြစ်သည်။

"ဝန်ထမ်းအသစ် သုံးယောက် ခန့်ထားတယ်လို့ ငါ့ကိုပြောတယ်နော် ကိုဦး..."

"ဟုတ်ပါတယ် သူဌေး..."

"ဘယ်ရာထူးတွေမှာ ခန့်လိုက်တာလဲ..."

ကိုဦးက ဖိုင်တစ်ခုကိုယူကာ သူ့ရှေ့မှာချလိုက်ပြီး ဖိုင်ကို ဖွင့်ပြရင်းကနေ

"အတွင်းရေးမှူး တစ်ယောက်... ရုံးစာရေးတစ်ယောက်နဲ့ အထွေထွေ လုပ်သား တစ်ယောက်ပါ သူဌေး..."

"သေချာရော အင်တာဗျူးရဲ့လား ကိုဦး..."

"ဟုတ်ကဲ့ သူဌေး အဖေက သေချာ အင်တာဗျူးပေးခဲ့တာပါ..."

သူ့စိတ်ကို ဦးစောက အသိဆုံးဖြစ်သည့် အတွက် သူစိတ်ချသွားမိတော့သည်။

"ရုံးစာရေးနဲ့ အထွေထွေလုပ်သားက ငါနဲ့ ထိတွေ့မှုရှိချင်မှရှိမှာ ဒါပေမဲ့ အတွင်းရေးမှူး ကတော့ ငါ့ရဲ့ဘေးမှာ အမြဲတမ်း ရှိနေရမယ့်သူပဲ ကိုဦး... အဓိကက အတွင်းရေးမှူး အကြောင်းပဲ..."

"စိတ်ချပါ သူဌေး... အတွင်းရေးမှူးက အားလုံးပြည့်စုံပါတယ်..."

"ဟုတ်လား အတွင်းရေးမှူးက ဘယ်သူလဲ..."

သူ ကိုဦးကိုမေးရင်းနှင့် အလုပ်သမားတွေ၏ ကိုယ်ရေးအကျဉ်းတွေကို ကြည့်နေလေသည်။ စာရွက်တစ်ရွက်ကို လှန်လိုက်မိသည့် အချိန်မှာပဲ သူ့မျက်ဝန်းအစုံဟာ ပြူးကျယ်သွားရတော့သည်။ ကိုယ်ရေးအကျဉ်းတစ်ခုထဲက မိန်းကလေးရဲ့မျက်နှာ။ ဒီမျက်နှာက ခုနကလေးတင်ပဲ အပြင်မှာ သူတွေ့ခဲ့ရတဲ့ မိန်းကလေးမို့လား။ နောက်ပြီး သူ့စိတ်ကို အပိုင်သိမ်းသွားတဲ့ မိန်းကလေး။

"သူဌေးရဲ့ အတွင်းရေးမှူးက သူပါပဲ သူဌေး..."

ကိုဦး၏ စကားကြောင့် သူ အံ့ဩသွားကာ သူမနာမည်လေးကို တိုးတိုးလေး ရွတ်လိုက်မိလေသည်။

"လွန်းတင်ကြိုး..."

"ဟုတ်တယ် သူဌေး... ကြိုးက ပညာရေးမှာလည်း အရမ်းတော်တယ်... နောက်ပြီး အရမ်းလည်းလှတယ် သူဌေး... သူဌေးရဲ့ဘေးမှာ အတွင်းရေးမှူး အနေနဲ့ ရှိနေမှာဖြစ်လို့ သူဌေးလည်း မျက်နှာငယ်စရာ မလိုတော့ပါဘူး..."

ကိုယ်ရေးအကျဉ်းထဲက သူမ၏ မျက်နှာလေးကို ကြည့်ရင်းနှင့် သူ ကျေနပ်စွာ ပြုံးလိုက်မိလေသည်။ ဟုတ်တယ် ကြိုးက သူ့ဘဝတစ်ခုလုံးကို ချည်နှောင်မယ့် တစ်ခုတည်းသော ကြိုးတစ်ချောင်းပါပဲ။ သူ ကြိုးကို မြင်မြင်ချင်းပဲ ချစ်မိသွားခဲ့တယ် ဆိုတာ သူဝန်ခံပါသည်။ အဲ့တော့ သူ ကြိုး

အချစ်ကို ရအောင် ကြိုးစားရမယ်။

***

မမ၏ အကြောင်း ဘယ်အချိန်ပဲတွေးတွေး သူ့ရင်ထဲမှာ ကြည်နူးနေမိတာ သူ မမကို ချစ်နေလို့ဆိုတာ တစ်နေ့ပြီးတစ်နေ့ ပိုပိုပြီးသေချာလာရပြီ ဖြစ်သည်။ မမ၏ အပြုံးက မိုနာလီဇာ၏ အပြုံးနှင့် ယှဉ်လိုက်လျှင်တောင်မှ ပိုပြီးတော့လှသည်။ မမ အပြုံးကို ပန်းချီဆွဲပေးပါလို့ ပြောရင်တောင် ဆွဲပေးမယ့်ပန်းချီဆရာ ငိုရလောက်အောင် မမအပြုံးက ရှားပါးခက်ခဲလွန်းလှပါသည်။ အဲဒီအပြုံးလေးတစ်ချက်ကြောင့်ပဲ သူ မမကိုချစ်ခဲ့မိတာဖြစ်၏။

"ချစ်တယ်မမရယ်..."

သူ တွေးရင်းနှင့် ခေါင်းအုံးကြီးကို အားရပါးရ ဖက်ထားလိုက်တော့သည်။

"သခင်လေး ညစာစားလို့ရပါပြီ..."

"ဟင်..."

အခန်းတံခါးကို ဖွင့်လာကာ ပြောလိုက်သည့် ကိုခေါင့်ကိုကြည့်ပြီး သူ ရှက်သွားမိတော့ ကိုခေါင်က သူ့ကိုကြည့်ကာပြုံးနေ၏။

"ကျွန်တော် အခုလာခဲ့မယ် ကိုခေါင်သွားနှင့်ပါ..."

ကိုခေါင်က သူ့ကို ဘာမှပြန်မပြောဘဲ ပြုံးကာ ထွက်သွားတော့သည်။ သူ ပြောလိုက်တာကို ကိုခေါင်ကြားသွားပြီ ထင်သည်။ သူ တွေးရင်းနှင့် ခေါင်းအုံးကို ခုတင်ပေါ်ပြန်တင်လိုက်ကာ အခန်းထဲကနေ ထွက်လာလိုက်တော့သည်။

ထမင်းစားခန်းထဲကို ရောက်တော့ ကိုခေါင်က ထမင်းပန်းကန်တွေထဲသို့ ထမင်း တွေထည့်ကာ သူ့ကိုစောင့်နေလေသည်။

"သခင်လေး လာလေ..."

သူ ထမင်းစားခန်းထဲသို့ ဝင်လိုက်ကာ ထိုင်ခုံမှာ ဝင်ထိုင်လိုက်လေသည်။

"ဒီမှာ သခင်လေးကြိုက်လောက်မယ် ထင်တဲ့ ကြက်ကချင်ချက်..."

ပြောလည်းပြော ကိုခေါင်က သူ့ပန်းကန်ထဲသို့ ကြက်သားဟင်းကို ထည့်ပေးလာလေသည်။

"ကျွန်တော့်ကို သခင်လေးလို့ မခေါ်ပါနဲ့ ကိုခေါင်..."

"ဘာဖြစ်လို့လဲ သခင်လေးရဲ့... ကျွန်တော်က ဘော့စ်ကို လေးစားသလို သခင်လေးကိုလည်း လေးစားလို့ပါ..."

"ဒါပေမဲ့ အဲ့လိုမခေါ်ပါနဲ့..."

"ကဲပါ ကျွန်တော့်လက်ရာ ကြက်ကချင်ချက်လေးကို စားကြည့်ပါဦး... သခင်လေး အစပ်မကြိုက်မှာစိုးလို့ ငရုတ်သီးတော့ လျှော့ထည့်ထားတယ်..."

ပြောနေရင်းနှင့် သူ့အား သခင်လေးလို့ပင် ခေါ်နေသည့် ကိုခေါင့်ကိုကြည့်ကာ သူ ဘာမှမပြောတော့ဘဲ သူထည့်ပေးထားသည့် ကြက်ကချင်ချက်ကို စားကြည့်လိုက်တော့သည်။

"ကိုခေါင်က ဟင်းလည်း ချက်တတ်တာပဲလား..."

ကိုခေါင်က သူစားနေတာကိုကြည့်ကာ ခေါင်းညိတ်ပြလာ၏။

"အင်း... ကျွန်တော်တို့ တိုင်းရင်းသား အားလုံးနီးပါး ငယ်ငယ်ကတည်းက အချက်အပြုတ်လည်း ကျွမ်းကျွမ်းကျင်ကျင် တတ်ထားကြတယ် သခင်လေး..."

"သြော်..."

သူ ကိုခေါင်ထည့်ပေးထားတဲ့ ကြက်သားတုံးကို နည်းနည်းဖဲ့ပြီး စားလိုက်လေသည်။

"ကောင်းလိုက်တာ ကိုခေါင်ရာ... ကျွန်တော်က တစ်ယောက်ထဲဆိုရင် အပြင်မှာ စားတာပဲများတယ်ဗျ... ဒီနေ့ကစပြီး ကိုခေါင့်ရဲ့ ကချင် ဟင်းလျာတွေ စားရတော့မယ်..."

မြိန်ရေရှက်ရေစားကာ ပြောနေသည့် သခင်လေးရာဇဝင်ဦးကို ကြည့်ကာ ခေါင် ကျေနပ်စွာ ပြုံးလိုက်ပြီး ဟင်းတွေ ထပ်ထည့်ပေးလိုက်လေသည်။

"သခင်လေး... သခင်လေးမှာ ချစ်ရတဲ့သူ ရှိနေတာလား..."

"ဗျာ..."

သူ့အမေးကြောင့် သခင်လေးက သူ့ကို သေချာကြည့်လာပြီး ပြုံးနေလေသည်။ သူ့ကို ချက်ချင်း ပြန်မဖြေဘဲ ထမင်းဆက်စားနေ၏။

"ကျွန်တော် မမကိုသိပ်ချစ်တယ် ကိုခေါင်..."

"မမ..."

သခင်လေးစကားကို သူ သံယောင်လိုက်ကာ ခေါ်လိုက်တော့ သခင်လေးက ထမင်း ဆက်မစားဘဲ ပြုံးနေလေသည်။

"ဟုတ်တယ် ကိုခေါင်... ကျွန်တော် တက္ကသိုလ် တတိယနှစ်မှာ မမနဲ့တွေ့ခဲ့တာ... မမက အရမ်းကျက်သရေရှိပြီး အရမ်းလှတယ်ဗျာ... ပြောရမယ်ဆိုရင် အဲဒီအချိန်ကတည်းက ကျွန်တော် မမကိုချစ်ခဲ့မိတာပဲ..."

ခေါင် သခင်လေးကိုကြည့်ကာ သဘောကျစွာ ခေါင်းညိတ်လိုက်မိလေသည်။ သခင်လေးက သူ့ထက် ခုနစ်နှစ်လောက်ငယ်ပေမဲ့ သူ သခင်လေးအပေါ်မှာ ညီအရင်း တစ်ယောက်လို သံယောဇဉ် ဖြစ်မိသည်။ သခင်လေးက ငယ်ရွယ်သလောက် ဖျတ်လတ်သန်မာသည်။ အဲဒါကြောင့်လည်း ဘော့စ်က အားကိုးခဲ့တာ ဖြစ်မည်။ ခက်သည်က ဘော့စ်၏အလုပ်ကို သခင်လေးက နည်းနည်းလေးမျှ စိတ်မဝင်စားဘူး ဆိုတာကို သူ တဖြည်းဖြည်း သိလာ

ရပြီပဲဖြစ်သည်။

"ကျွန်တော် မမကို ချစ်ခွင့်ပန်တာကြာနေပြီ ကိုခေါင်ရာ... အတိအကျ ပြောရရင် နှစ်နှစ်ကိုးလနဲ့ ဆယ့်တစ်ရက်တိတိ ရှိသွားပြီ ဒီနေ့တော့ မပါ သေးဘူးပေါ့ဗျာ..."

သခင်လေးက မှတ်ဉာဏ်လည်း ကောင်းသည်။ ပညာလည်း တော်သည်။ ရုပ်ရည်ကလည်း မင်းသား တစ်ယောက်ကဲ့သို့ ချောမောပါသည်။ ဒါက လည်း ဘော့စ်နဲ့တူလို့ဖြစ်ရမည်။ ဘော့စ်ရော ဘော့စ်ရဲ့ဇနီးရောက မျိုးနွယ် မတူကြသော်လည်း ကချင်လူမျိုးတွေ ဖြစ်ကြသဖြင့် သခင်လေး သည် လည်း အဖေရော အမေရော၏ ရုပ်ရည်ကို ပိုင်ဆိုင်ထားလေသည်။ အဲဒါ ကြောင့်လည်း အခုလို ချောမောခြင်းဖြစ်မည်။ ဒါပေမဲ့ ဘော့စ် ပြောသလို ပင် သခင်လေးမှာက ဘော့စ်လိုချင်သည့် အရည်အချင်းတွေ ရှိနေတာကို လည်း သူ ဖြည်းဖြည်းချင်း သိလာရလေသည်။

"ညနေ မမ အလုပ်ဆင်းတဲ့အချိန် ကျွန်တော် မမကို သွားတွေ့ဦးမယ် ဗျာ..."

"သူက သခင်လေးအပေါ် ဘယ်လိုအခြေအနေရှိလဲ..."

သူ့အမေးကြောင့် ပြုံးနေသည့် သခင်လေး၏ မျက်နှာက တည်ကြည်သွား ကာ သူ့မျက်နှာကို သေချာကြည့်လာပြီး

"မမက ကျွန်တော့်ကိုဆိုရင် ဘာလို့ခါးခါးသီးသီး ဖြစ်နေတယ်ဆိုတာ ကျွန်တော် စဉ်းစားလို့မရဘူး ကိုခေါင်ရာ... ကျွန်တော် ချစ်ခွင့်ပန်တဲ့ အချိန် တိုင်း ကျွန်တော့်ကို ခါးခါးသီးသီး ငြင်းရုံတင် မဟုတ်ဘူး ကျွန်တော့်အပေါ် ရင့်ရင့်သီးသီးတွေပါ ပြောတယ်ဗျာ..."

"သခင်လေးက ဘယ်သူလဲဆိုတာကို သူမသိလို့နေမှာပါ သခင်လေး..."

"ဟင့်အင်း အဲဒါတွေနဲ့မဆိုင်ဘူး... ကျွန်တော် မမရဲ့အကြောင်း အကုန်လုံး သိပေမဲ့ မမက ကျွန်တော် ဘယ်သူဘယ်ဝါမှန်း မသိခင် ကတည်းက အခုလို ပုံစံပဲ ကိုခေါင်..."

"ဒါဆို သူက သခင်လေးရဲ့အချစ်ကို လက်မခံနိုင်လို့ပဲလား..."

"ဟုတ်တယ်... မမက ကျွန်တော့်အပေါ် နည်းနည်းလေးတောင်မှ စိတ်ဝင်စားတာ မဟုတ်ဘူး..."

"အဲဒါများ သခင်လေးရယ် ဘာလို့ နာကျင်ခံပြီး အဲဒီမိန်းကလေး အပေါ် စွဲလမ်းနေရတာလဲ..."

"ကျွန်တော် မမကို သိပ်ချစ်တယ်..."

သခင်လေး၏ ခံစားချက်ကို သူ့စိတ်ထဲမှာ နားလည်သလိုလို ဖြစ်လာတော့သည်။

"မမက သိပ်မာနကြီးတာ ကိုခေါင်... ကျွန်တော့်မှာ အရာရာ ပြည့်စုံတယ်ဆိုတာ သိရတော့ ကျွန်တော့်အပေါ် ပိုပြီး ခါးသီးလာတယ်... မမက သာမန်မိန်းကလေး တစ်ယောက် ငွေကြေးဥစ္စာ မပြည့်စုံတာက လွဲလို့ ကျန်တာတွေအားလုံး ပြည့်စုံတယ်..."

"အင်း ကျွန်တော် နားလည်ပြီ သခင်လေး..."

"နားလည်ပြီ ဆိုရင်လည်း မမရဲ့အချစ်ကို ကျွန်တော် ပိုင်ဆိုင်နိုင်အောင် ကူညီပေးပါလားဗျာ..."

သခင်လေးက ထမင်းတောင် ဆက်မစားတော့ဘဲ သူ့ကိုကြည့်ကာ အကူအညီ တောင်းနေလေတော့သည်။ သူ သခင်လေးကို နားလည်စွာ ဖြင့် ခေါင်းညိတ်ပြလိုက်ကာ

"ကျွန်တော် သခင်လေးကို အတတ်နိုင်ဆုံး ကူညီပေးပါ့မယ်..."

"ကိုခေါင် တကယ်ပြောတာနော်..."

သခင်လေးက သူ့ကိုအားကိုးတကြီး ဝမ်းသာအားရ မေးလာသဖြင့် သူ ခေါင်းညိတ်ပြလိုက်မိလေသည်။

"ကဲပါ သခင်လေး ထမင်းကိုသာ ကုန်အောင်စားပါဦး..."

"ဟုတ်..."

သခင်လေးက ဝမ်းသာအားရဖြင့် ထမင်းကို ဆက်စားနေတော့၏။ ဒီပုံစံ အတိုင်းသာဆိုရင် သခင်လေးက အဲဒီမိန်းကလေးအပေါ် တော်တော် မေတ္တာရှိတဲ့ပုံပဲ။ ဒီလိုသာဆိုရင် သခင်လေးကို ဘော့စ်ဆီကို လွယ်လွယ်နဲ့ ခေါ်လို့ရမှာ မဟုတ်ဘူး။ ဟူး... ဘာလုပ်ရမလဲ။ အရင်ဆုံးတော့ သခင်လေး ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမယ်။ ပြီးတော့မှ ကျန်တာစဉ်းစားရမယ်။

***

"သူဌေး ကြိုး စာရင်းတွေလုပ်ထားပါပြီ သူဌေး ပြန်စစ်ပေးပါဦး..."

အနားသို့ ရောက်လာတဲ့ ကြိုးကို သူမော့ကြည့်လိုက်ကာ ပြုံးပြ လိုက်ပြီး

"ဟုတ်ကဲ့ ကြိုး... အခုက အလုပ်ဆင်းတော့မှာ ဆိုတော့ ကျွန်တော် အိမ် ကိုပဲ ယူသွားလိုက်တော့မယ်နော်..."

"ဟုတ်ကဲ့ သူဌေး..."

ကြိုးက သူ့လက်ထဲသို့ စာရွက်ဖိုင်ကို ထည့်ပေးလာသဖြင့် သူ ယူလိုက်ကာ

"ကြိုး..."

"ဟုတ်ကဲ့ ပြောပါ သူဌေး..."

"ရုံးဆင်းရင် ကြိုးအချိန်ရမလား..."

"ဘာဖြစ်လို့လဲ သူဌေး..."

"ကျွန်တော် ကြိုးနဲ့ စကားနည်းနည်းလောက် ပြောချင်လို့ပါ..."

သူဌေး၏ စကားကြောင့် ကြိုး ရင်ထိတ်သွားမိလေသည်။ ကြိုး အလုပ်လုပ်တာ အဆင်မပြေလို့များ သတိပေးစကား ပြောမလို့လား။

"ဟုတ်ကဲ့ ကြိုးအချိန်ရပါတယ် သူဌေး..."

"အဲဒါဆို ရုံးဆင်းရင် ကျွန်တော့်ကို စောင့်ပေးဦးနော်..."

"ဟုတ်ကဲ့ပါ သူဌေး..."

"ဒါဆို လုပ်စရာရှိတာ သွားလုပ်လို့ရပါပြီ ကြိုး..."

"ဟုတ်ကဲ့ သူဌေး..."

သူ့ရှေ့ကနေ ထွက်သွားသည့် ကြိုး၏ မျက်နှာက တစ်ခုခုကို စိုးရိမ်နေသလို ပျက်ယွင်းသွားတာကို သူ သတိထားလိုက်မိ၏။ ကြည့်ရတာ သူ စကား ပြောမယ်ဆိုတာကို ကြိုးက အလုပ်နှင့် ပတ်သက်တယ်ထင်ပြီး စိုးရိမ်သွားသည့် ပုံပင်။ ဒါပေမဲ့ သူပြောမှာက အလုပ်နှင့် ပတ်သက်တာ မဟုတ်ပါ။

"သူဌေး..."

ကိုဦးက ရုံးခန်းထဲသို့ဝင်လာကာ သူ့အနားသို့ရောက်လာပြီး နာရီကို ကြည့်လိုက်လေသည်။

"သူဌေး ရုံးဆင်းတော့မယ်လေ ကျွန်တော် သူဌေးကို အိမ်ပြန်လိုက်ပို့ ပေးပါ့မယ်..."

"ရတယ် ကိုဦး... ဒီနေ့ ငါ သွားစရာရှိလို့ တစ်ယောက်ထဲပဲ ပြန်တော့မယ်..."

"ဪ ဟုတ်ကဲ့ပါ သူဌေး..."

"အင်း... အဲဒါဆိုရင် အားလုံးကို ရုံးဆင်း ခိုင်းလိုက်တော့လေ..."

"ဟုတ်ကဲ့ သူဌေး..."

ကိုဦးက ရုံးခန်းထဲကနေ ပြန်ထွက်သွားတော့ သူလည်း သိမ်းစရာရှိတာ သိမ်းလိုက်တော့၏။ ကြိုးကို ကြည့်လိုက်တော့လည်း ကြိုးက ပစ္စည်းတွေကို သိမ်းနေလေသည်။ သူ ကြိုးကိုကြည့်ပြီး ပြုံးလိုက်ကာ မတ်တတ်ရပ်လိုက်ကာ ပစ္စည်းတွေကိုယူပြီး ကြိုးရဲ့စားပွဲရှေ့မှာ မတ်တတ်ရပ်လိုက်ကာ

"ကြိုး သွားရအောင်လေ..."

"ဟုတ်ကဲ့ သူဌေး..."

ကြိုး သူဌေးနှင့်အတူ ကုမ္ပဏီထဲကနေ ထွက်လာလိုက်ကာ ကားပါကင် အနားသို့ ရောက်လာတော့ ကြိုးရဲ့အကြည့်တွေက ကုမ္ပဏီရှေ့နားသို့ ရောက် သွားလေသည်။ ရာဇဝင်ဦး... သူ ရောက်နေပြန်ပြီလား။

"ကြိုး ကားပေါ်တက်လေ..."

"ဩော် ဟုတ်..."

ကြိုး ကားပေါ်တက်ပြီး လှမ်းကြည့်လိုက်တော့လည်း ရာဇဝင်ဦးက ကြိုး ကို စောင့်နေကျ နေရာမှာသာ ရှိနေလေသည်။ နှစ်တွေ ဒီလောက်ကြာသည် အထိ သူ ကြိုး၏ အချစ်ကိုစောင့်နေခဲ့တာ ဒီကောင်လေးက ဇွဲကြီးသလို သိပ်ခေါင်းမာတာပဲ။ ကြိုးနေရာမှာ တခြားမိန်းကလေးသာ ဆိုရင်တော့ သူ အဲဒီ ကောင်မလေးရဲ့အချစ်ကို ရပြီးနေလောက်ပြီ။ အခုတော့ တခြား မိန်းကလေး မဟုတ်ဘဲ ကြိုးဖြစ်နေခဲ့တော့။ ကုမ္ပဏီဝန်းထဲကနေ သူဌေးရဲ့ ကား ထွက်လာသည်အထိ ကုမ္ပဏီရှေ့က အပင်ကြီးအောက်မှာ သူက ရှိနေ သေးသည်။ သူ့ပုံစံက ကြိုးမြင်နေကျ ဘောင်းဘီရှည် တီရှပ်အင်္ကျီနဲ့ပေမဲ့ သူ့ မျက်နှာ အနေအထားကတော့ အရင်နေ့တွေကလို မဟုတ်ဘဲ သည်နေ့တွင် ထူးခြားစွာ တည်ငြိမ်နေတယ်လို့ ကြိုးထင်မိသည်။ ပြီးတော့ ကုမ္ပဏီထဲကို

ကြည့်နေသည့် သူ့ အကြည့်တွေကလည်း ကြိုးကို စောင့်မျှော်နေသည့် အကြည့်တွေဆိုတာ ကြိုးရင်ထဲကနေ အလိုလိုသိနေမိ၏။

"ကြိုး ဘာစားချင်လဲ..."

ကြိုး ကားဘက်မှန်ထဲကနေ သူ့ကို ကြည့်လိုက်ပြီးတော့မှ သူဌေးကို ကြည့်လိုက်ကာ

"ကြိုး မစားတော့ပါဘူး သူဌေး..."

"စကားပြောရင်းနဲ့ တစ်ခုခု စားရအောင်လေ..."

"ဟုတ်ကဲ့..."

ကြိုး သူဌေးကိုဘာမှ ပြန်မပြောတော့ဘဲ အတွေးတွေဖြင့်သာ လိုက်ပါလာမိတော့၏။ ကြိုး၏ အတွေးထဲမှာ ကိစ္စနှစ်ခုက စိုးမိုးနေခဲ့သည်။ ပထမတစ်ခုက သူဌေးပြောမည့် စကား... ဒုတိယတစ်ခုက ရာဇဝင်ဦး။

"ရောက်ပြီ ကြိုး..."

"ဟုတ်ကဲ့ သူဌေး..."

သူဌေးက ကော်ဖီဆိုင်လေး တစ်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်၏။ ဒီဆိုင်လေးကိုမြင်တော့ ကြိုး ပြုံးလိုက်မိလေသည်။ သည်ဆိုင်လေးရှေ့မှာ လွန်ခဲ့သည့် တစ်နှစ်ကျော်လောက်က ကြိုး နောက်ကို ကောင်လေးတစ်ယောက် လိုက်လာကာ သစ်ခွပန်းလေးတွေ ပေးခဲ့သော နေရာလေး ဖြစ်သည်။ အဲဒီတုန်းက ကြိုးက သူ့ပန်းကိုမယူသည့်အပြင် ရှက်လွန်း၍ အဲဒီပန်းနှင့်ပင် သူ့ကို ပစ်ပေါက်ခဲ့သေးသည်။ သူကတော့ ရာဇဝင်ဦး။

"ကော်ဖီပဲ သောက်မလား ကြိုး..."

"ဟုတ်ကဲ့ သူဌေး..."

သူဌေးက ကော်ဖီနှင့် ကိတ်မုန့်တချို့ကို မှာကာ ပိုက်ဆံရှင်းပြီး စားပွဲမှာ

အတူတူ ထိုင်လိုက်ကြလေသည်။ ယခုနောက်ပိုင်း ကော်ဖီဘား တော်တော် များများက နိုင်ငံခြားစနစ်လို မှာထားသည့် အစားအစာတွေ အတွက် ငွေ ကြိုရှင်းရသည့် အလေ့အထရှိလာပြီ ဖြစ်သည်။

"ကြိုး..."

"ဟုတ်ကဲ့ သူဌေး ပြောပါ..."

"ကြိုးက ကုမ္ပဏီမှာ အလုပ်ဝင်ထားတာ မကြာသေးဘူးနော်..."

"ဟုတ်..."

ကြိုးထင်ထားခဲ့သလို အလုပ်ကိစ္စ ဖြစ်နေသဖြင့် ကြိုး တွေးပူသွားမိ တော့သည်။

"အဲဒါကြောင့် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ကြိုး မသိနားမလည်တာ ရှိရင် ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ..."

"ကြိုး အမှား လုပ်ခဲ့မိလို့များလား သူဌေး..."

"ဗျာ..."

ကြိုး၏ အမေးကြောင့် မာန် အံ့သြသွားကာ ကြိုး မျက်နှာကို ကြည့်လိုက် တော့ ကြိုးကလည်း မျက်နှာပျက်နေလေသည်။

"ကြိုး အမှားလုပ်ခဲ့မိလို့များ သူဌေးက ကြိုးကို သတိပေးတာလား... ကြိုး အမှား လုပ်မိတယ်ဆိုရင်လည်း ကြိုး ဂရုစိုက်ပြီးပြင်ပါ့မယ် သူဌေး..."

"ဟင်..."

ကြိုး၏ စကားကို သူနားလည်သွားကာ ပြုံးပြီး ခေါင်းယမ်းလိုက်မိ လေ သည်။

"မဟုတ်ဘူး ကြိုး... ကျွန်တော်ပြောတာက ကြိုးမှာ အပြစ်ရှိလို့ ခေါ်ပြီး အသိပေးတာ မဟုတ်ပါဘူး ကြိုး အထင်မလွဲပါနဲ့နော်..."

"ရှင်..."

ကြိုးက သူ့ကို အံ့ဩသလို ကြည့်လာသည့် အချိန်မှာပဲ ဝိတ်တာ ကောင်လေးက သူမှာထားသည့် ကော်ဖီနှင့်မုန့်ဗန်းကို လာချပေးလေသည်။ ပြီးတော့မှ ပြန်ထွက်သွားလေသည်။

"ဟုတ်တယ် ကြိုး... ကြိုးမှာ ဘာအပြစ်မှမရှိပါဘူး... အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ကြိုးမှာ အခက်အခဲ တစ်ခုခုရှိရင် ကျွန်တော့်ကို ပြောပြပါလို့ပဲ ကျွန်တော်က ပြောချင်တာပါ..."

"သူဌေးရယ် ကြိုးကလေ ကြိုးမှာ အပြစ်ရှိလို့များ သူဌေးက ခေါ်ဆူတာလားလို့ ရင်ထိတ်သွားတာ..."

ကြိုး၏ ပုံစံက တကယ်ပဲ ရင်ထိတ်သွားသည့်ပုံ ဖြစ်သွားသဖြင့် သူအားနာသွားမိတော့၏။

"အဲ့လိုဖြစ်သွားခဲ့ရင် ကျွန်တော်ကပဲ တောင်းပန်ပါတယ် ကြိုး... ကျွန်တော်က ကြိုးကို အဲ့လိုသဘောနဲ့ အပြင်ကိုခေါ်ပြီး စကားပြောတာမဟုတ်ပါဘူး အလုပ်ကိစ္စနဲ့ ဆိုရင်တော့ ကျွန်တော် အလုပ်ထဲမှာပဲ ကြိုးကိုပြောဖြစ်မှာပါ အခုက..."

ကြိုး သူ့စကားကို နားမလည်သလို ဖြစ်သွားမိတော့သည်။ ဒါဆို သူဌေးက ကြိုးကို ဘယ်လိုစကား ပြောချင်လို့များလဲ။

"ကျွန်တော် ကြိုးနဲ့ ခင်မင် ရင်းနှီးချင်လို့ပါ..."

"ရှင်..."

ကြိုး အံ့ဩသွားတော့ သူဌေးက ကြိုးကို ခေါင်းညိတ် ပြလာလေသည်။

"ဟုတ်ပါတယ် ကြိုး... အလုပ်ရှင်နဲ့ အလုပ်သမားလိုမျိုး မဟုတ်ဘဲ သူငယ်ချင်းတွေလို ခင်မင်ချင်တာပါ..."

"သူဌေး..."

"ကျွန်တော့်ကို သူငယ်ချင်းလို သဘောထားရင် သူဌေးလို့ မခေါ်ပါနဲ့လား ကြိုး... တကယ်ဆိုရင် ကျွန်တော်တို့ အသက်တွေကလည်း ရွယ်တူ လောက်ပါပဲ..."

"ကြိုးက သူဌေးရဲ့ အလုပ်သမားပါ... ဘယ်လိုမှ သူငယ်ချင်းတွေ ဖြစ်လာမှာမဟုတ်ပါဘူး..."

"ကုမ္ပဏီမှာ ဆိုရင်တော့ ကျွန်တော့်ကို အလုပ်ရှင်လို ဆက်ဆံပြီး အပြင်မှာတော့ သူငယ်ချင်းတွေလို ဆက်ဆံပေးပါလား ကြိုး..."

"ကြိုး..."

"ကျွန်တော် တောင်းဆိုတာပါ ကြိုးရယ်... ကျွန်တော် ကြိုးနဲ့ တကယ်ပဲ ခင်ချင်လို့ပါ..."

တကယ်လည်း ကြိုးနဲ့သူဌေးက အသက်ရွယ်တူလောက်ပါပဲ။ ဒါပေမဲ့ သူငယ်ချင်း တစ်ယောက်လို ဆက်ဆံဖို့ကိုတော့ ကြိုးဝန်လေးမိသည်။

"ကြိုး..."

"ကောင်းပါပြီ ကြိုး လက်ခံပါ့မယ်..."

"ကြိုး တကယ်ပြောတာနော်..."

သူက ဝမ်းသာအားရ ပြောလာတော့လည်း စောစောက စိုးရိမ်နေတဲ့ ကြိုးရဲ့စိတ်က ဘယ်ကို ရောက်သွားမှန်း မသိတော့ပေ။

"ကျွန်တော် ဝမ်းသာလိုက်တာဗျာ... ကျွန်တော့်နာမည်က ရတုမာန်ပါ... သူများတွေခေါ်သလို မာန်လို့ ခေါ်လည်း ရပါတယ် ကြိုး..."

"ဟုတ်..."

"ကြိုးနာမည်က လွန်းတင်ကြိုး ဆိုပေမဲ့ ကျွန်တော်ကတော့ ကြိုးလို့ပဲ ခေါ်

မယ်နော်..."

"ဟုတ်ကဲ့ ရပါတယ် မာန်..."

မာန်ဆိုတဲ့ နာမည်ကို ကြိုး မရဲတရဲ ခေါ်လိုက်ပြီးတော့မှ သူ့မျက်နှာကို ကြည့်လိုက်တော့ သူက ကြိုးခေါ်လိုက်တာကို သဘောကျစွာ နားထောင်နေလေသည်။

"ဒါဆို မုန့်စားရအောင်လေ..."

"ဟုတ်ကဲ့..."

မုန့်စားနေပေမဲ့လည်း ကြိုး၏ မသိစိတ်ကတော့ ကုမ္ပဏီရှေ့မှာ ကြိုးကို စောင့်ရင်းနှင့် ကျန်ခဲ့သည့် ရာဇဝင်ဦး ဆီသို့သာ ရောက်နေမိတော့သည်။ ကြိုး အလုပ်ကို မလာဘူးလို့တော့ သူထင်မှာမဟုတ်။ သူ့မျက်နှာကိုကြည့်ရတာ ဒီနေ့ သူ ကြိုးကို အရေးကြီးစကား တစ်ခု ပြောစရာရှိသည့်ပုံပင်။

***

## အခန်း(၄)

"အရှောင်ဖဲ့ငိုင်စောရအိုင်..."

သူ့ပါးစပ်ကနေ တိုင်းရင်းသားစကားသံ ထွက်လာသဖြင့် ကြိုး သူ့ကို ကြည့်လိုက်ကာ

"ဘာပြောတာလဲ ရာဇဝင်ဦး..."

ရာဇဝင်ဦး၏ မျက်နှာက ပြုံးဖြီးဖြီးနှင့် ကြိုးကို ကြည့်နေလေသည်။ ရုံးဆင်းချိန်တိုင်း ရာဇဝင်ဦးက အမြဲတမ်း ကြိုးကို လမ်းထိပ်အထိ လိုက်ပို့ပေးသည်။ ကုမ္ပဏီနှင့် ကြိုး၏ အိမ်ကလည်း သိပ်ပြီးမဝေးတော့ မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်လိုက်ရင် ရောက်ပြီပဲဖြစ်သည်။ ကုမ္ပဏီက ဖယ်ရီကားနှင့် ကျတော့လည်း လမ်းမသင့်သည်မို့ ကြိုး တစ်ယောက်ထဲပဲ လမ်းလျှောက် ပြန်တာများ၏။ ယခုလို ရာဇဝင်ဦး လိုက်ပို့သည့်နေ့ဆိုလျှင်တော့ ကြိုး စိတ်ညစ်မိတာ အမှန်ပင် ဖြစ်သည်။ မလိုက်နဲ့လို့ကလည်း တားလို့ရတာ မဟုတ်သဖြင့် ကြိုး လမ်းလျှောက်ရင်းနှင့်ပင် သူ့ကို စကားမပြောမိအောင် နေရ၏။ ယခုလည်း ကြိုးကို စကားအဆန်းတွေ လာပြောနေပြန်ပြီ ဖြစ်သည်။

"မမကို ကျွန်တော်ချစ်တယ် လို့ပြောတာ..."

"အဲဒါကရော ဘာစကား အသစ်အဆန်းတွေလဲ..."

"ကချင်စကားလေ မမရဲ့... စောရအိုင် ဆိုတာကိုတော့ မမ သိပြီးသား ဖြစ်မှာပါ... အရှောင်ဖဲ့ငိုင်စောရအိုင် ဆိုတာက မမကို ကျွန်တော် ချစ်တယ်လို့

ပြောတာ..."

ကြိုး သူ့ကို မျက်စောင်းထိုးလိုက်ကာ

"မင်းက ကချင်လူမျိုးမို့လို့လား..."

"ဟုတ်တယ်လို့လည်း ပြောလို့ရသလို မဟုတ်ဘူးလို့လည်း ပြောလို့ ရတယ် မမ..."

သူ့စကားကြောင့် ကြိုး မျက်မှောင်ကြုတ်ကာ ရာဇဝင်ဦးကို ကြည့်လိုက်လေသည်။

"မင်းပြောချင်တဲ့ အဓိပ္ပာယ်က..."

"ဒယ်ဒီနဲ့မာမီက ကချင်လူမျိုး ဆိုတော့ ကျွန်တော်လည်း ကချင်လူမျိုးပါ... ဒါပေမဲ့ ဒယ်ဒီနဲ့မာမီက ကချင်လူမျိုးဆိုပေမဲ့ မျိုးနွယ်မတူဘူးလို့ ကျွန်တော်ကြားဖူးတယ် ဘယ်လို မတူတာလဲတော့ ကျွန်တော်မသိဘူး မမ... ဒယ်ဒီက အခု ကချင်ပြည်မှာ ရှိနေတယ် မာမီကတော့ ဆုံးသွားတာ ကြာပါပြီ..."

"သြော်..."

မည်သည့်အတွက်ကြောင့်မှန်း မသိဘဲ ကြိုး သူ့အတွက် စိတ်မကောင်းဖြစ်သွားမိ လေသည်။

"မင်းက ကချင်စကား ပြောတတ်တယ်ပေ့ါ..."

"ဟင့်အင်း ကျွန်တော် တစ်ခွန်းမှ မပြောတတ်ဘူး... အရှောင်ဖဲ့ငိုင်စောရအိုင် ဆိုတာ ကိုတောင် မမကိုပြောချင်လွန်းလို့ သင်ခဲ့ရတာ... ဒါနဲ့ မနေ့က မမ ကုမ္ပဏီကို မလာဘူးလား..."

"လာတယ်လေ ဘာလို့လဲ..."

မနေ့က ကြိုး သူဌေးနှင့်ပါသွားသည်ကို သူက မသိ၍ မေးနေခြင်းဖြစ်သည်။

"ကျွန်တော် မမကိုစောင့်နေတာ အကုန်လုံး ပြန်သွားတဲ့အထိတောင် မမ ထွက်လာတာကို မတွေ့ဘူး..."

"အဲဒါဆို မင်း ညက ကြိုးကို စောင့်ရင်းနဲ့ ဘယ်အချိန်မှ ပြန်လဲ..."

"ကိုးနာရီထိုးတဲ့အထိ စောင့်နေတာ မမရ..."

"ဟင်..."

ကြိုး သူ့မျက်နှာကို အံ့သြတကြီး မယုံကြည်နိုင်စွာ ကြည့်လိုက် ပေမဲ့ လည်း သူ့မျက်နှာကတော့ လိမ်နေသည့်ပုံ မပေါ်ပါ။

"မင်းကို အစောင့်ကြီးက ဘာမှမပြောဘူးလား..."

"အဲဒီဦးလေးကြီးက မမပြန်သွားပြီလို့တော့ ပြောတယ် ဒါပေမဲ့ မမသာ တကယ်ပြန်သွားတာ ဆိုရင် ကျွန်တော့်မျက်လုံးနဲ့ သေချာတွေ့ရမှာပဲလေ... ကျွန်တော်မှမတွေ့တာ မယုံပါဘူး အဲဒါနဲ့ ဆက်စောင့်နေမိတာ..."

ကြိုး သူ့ကိုကြည့်ကာ စိတ်ထဲကနေပဲ အရူးလေးလို့ ပြောလိုက်မိ၏။ တကယ်ခေါင်းမာတဲ့ ကောင်လေးပဲ။ အရာရာကို သူ့မျက်လုံးနဲ့ မမြင်ရရင် မ ယုံဘူးဆိုတဲ့ လက်တွေ့သမားလား။

"နေပါဦး မင်းက ကြိုးကို ဘာစကားတွေများ ပြောစရာရှိလို့ အဲဒီ အချိန် ထိ စောင့်နေရတာလဲ..."

"အရှောင်ဖွဲ့ငိုင်စောရအိုင်..."

"ဘာ..."

"ဟုတ်တယ် အဲဒီစကားပြောချင်လို့ စောင့်နေတာ..."

"တော်ပြီ ကြိုးရဲ့အိမ်အနားရောက်နေပြီ မင်းပြန်တော့..."

ကြိုး၏ စကားကြောင့် သူ့မျက်နှာပျက်သွားသည်ကို ကြိုးသတိထား လိုက် မိ၏။

"ကျွန်တော် မမကို ချစ်ခွင့်ပန်နေတာ ဘာလိုလိုနဲ့ သုံးနှစ်တောင် ပြည့်တော့မယ်နော် မမ... ဒါပေမဲ့ ဘာဖြစ်လို့ ကျွန်တော့်အချစ်ကို အခုချိန်ထိ လက်မခံနိုင်တာလဲဆိုတာ ကျွန်တော် စဉ်းစားလို့မရဘူးဗျာ... ကဲပါ မမက ပြန်ဆိုလည်း ကျွန်တော် ပြန်တော့မယ် မမ ဘိုင့်..."

လက်ပြနှုတ်ဆက်သွားသည် သူ့ ကျောပြင်ကိုကြည့်ပြီး ကြိုး အိမ်ကို လှည့်ထွက် လာလိုက်ပေမဲ့လည်း ရာဇဝင်ဦးပြောခဲ့သည့် စကားတွေက ကြိုး နားထဲသို့ စွဲထင်ကပ်ပါ လာလေတော့သည်။

"ကြိုး သမီးပြန်လာပြီလား..."

ခြံထဲသို့ဝင်ဝင်ချင်း ဒေါ်လေးမြ၏ နှုတ်ဆက်သံကြောင့် ကြိုး ခေါင်းညိတ်ပြလိုက်ကာ

"ဟုတ်ကဲ့ ဒေါ်လေး ကြိုး ပြန်ရောက်ပါပြီ... ဒေါ်လေး ဘယ်သွားမလို့လဲ..."

"လမ်းထိပ်နားကို အကြော်သွားဝယ်မလို့ သမီး..."

"ကြိုး သွားဝယ်ပေးမယ်လေ ဒေါ်လေးရဲ့..."

"ရပါတယ်ကွယ် သမီးပင်ပန်းနေပြီပဲ ရေမိုးချိုးပြီး နားနားနေနေ နေလိုက်တော့..."

"ဟုတ်ကဲ့ ဒေါ်လေး..."

ကြိုး ဒေါ်လေးမြကိုပြောပြီး အိမ်ပေါ်သို့တက်လာကာ ထမင်းချိုင့်ခြင်းကို မီးဖိုထဲ သွားထားပြီးတော့မှ ကြိုးရဲ့အခန်းထဲသို့ဝင်လိုက်ပြီး ခုတင် ဘေးက ခုံမှာ ထိုင်လိုက်လေသည်။ ကြိုး၏ အဒေါ် နှစ်ယောက်စလုံးက ကြိုးကို တူမလေးဆိုပေမဲ့ တကယ့်သမီးအရင်းလေးလို ချစ်ကြပါသည်။ အပျိုကြီး တွေဆိုတော့လည်း ကြိုးက သူတို့အချစ်ရဆုံး ဖြစ်နေ၏။ ကြိုးလည်း ကြိုး၏

အဒေါ်နှစ်ယောက် စလုံးကို မိဘတွေလိုချစ်ပါသည်။ ကြိုးအသက် သုံးဆယ်နား ကပ်လာတာတောင်မှ ကြိုး အိမ်ထောင်ရေးကို မစဉ်းစားသေးဘဲ ဒေါ်လေးတို့နှင့်အတူ နေခဲ့တာဖြစ်သည်။ ဒါပေမဲ့ ရာဇဝင်ဦး ဆိုသည့် ကောင်လေးကတော့ ကြိုး နှလုံးသားကို အတင်း ထိုးဖောက်ကာ ဝင်နေလေပြီ။ သူပြောခဲ့သလိုဆို သူ ကြိုးနောက်ကို လိုက်ကာ တကယ်ပဲ သုံးနှစ်ပြည့်တော့မှာပေါ့။ ကြိုး သူ့အပေါ်မှာ အဲ့လောက်တောင်မှ အချိန်တွေ ပေးခဲ့မိတာလား။ ဒါပေမဲ့ ကြိုး သူ့ကို ဘယ်လောက်ပဲငြင်းငြင်း သူမှနောက်ဆုတ်မသွားခဲ့တာ ကြိုး ဘယ်လိုလုပ်ရမလဲ။ ကြိုးမှာ ချစ်သူရှိပါတယ်လို့ လိမ်ပြောလည်း သူယုံမှာမဟုတ်ဘူး။ သူက လက်တွေ့သမား ဆိုတော့ ကြိုးမှာ တကယ်ချစ်ရမယ့်သူ ရှိမှသာ သူက နောက်ဆုတ်သွားမှာ ဖြစ်သည်။

***

"အခြေအနေ ဘယ်လိုရှိလဲ ခေါင်..."

"သခင်လေးက မလိုက်ဘူးလို့ပဲ ပြောနေပါတယ် ဘော့စ်..."

"မင်း အဲဒီကို ရောက်တာ ဆယ်ရက်ကျော်နေပြီ ဆိုတာကို မမေ့နဲ့နော် ခေါင်..."

"ဟုတ်ကဲ့ပါ ဘော့စ်..."

"ဒီလကုန်လို့မှ သားကိုမခေါ်ခဲ့နိုင်ဘူးဆိုရင် ဂျက်ကိုလွှတ်လိုက် မယ်..."

"စိတ်ချပါဘော့စ် ကျွန်တော် သခင်လေးကို ရအောင် ခေါ်ခဲ့ပေးပါ့မယ်..."

"အဲဒါဆိုလည်း ဒါပဲ... လုပ်စရာရှိတာ ဆက်လုပ်တော့..."

"ဟုတ်ကဲ့ပါ ဘော့စ်..."

ဘော့စ်က ဖုန်းချသွားတော့မှ ခေါင် သက်ပြင်း ချလိုက်မိတော့သည်။

"ကျွန်တော် လိုက်မှာ မဟုတ်ဘူးနော် ကိုခေါင်..."

"ဟင် သခင်လေး..."

သူ့အသံကိုကြားတော့ ကိုခေါင်က အံ့သြသွားကာ သူ့ကိုလှည့်ကြည့်လာလေသည်။ သူ ကိုခေါင့်ဘေးမှာ ဝင်ထိုင်လိုက်ကာ

"ဟုတ်တယ် ကျွန်တော် ရန်ကုန်မှာပဲနေမှာ... ဒယ်ဒီ့ဆီကို လိုက်မသွားဘူး ကိုခေါင်..."

"သခင်လေး..."

"ကျွန်တော် ပျော်မယ့်အရပ်မှာပဲ နေချင်တယ် ကိုခေါင်... ဒယ်ဒီ့ဆီမှာ ကျွန်တော် ပျော်ရမှာမဟုတ်ဘူး အဲဒါကြောင့်လည်း ဟိုးငယ်ငယ်ကတည်းက ကျွန်တော် ဒယ်ဒီနဲ့ လိုက်မနေခဲ့တာ..."

"အခုချိန်မှာ ဘော့စ်က သခင်လေးကို အရမ်းလိုအပ်နေတဲ့ အချိန်ပါ သခင်လေး... အဲဒါကြောင့် သခင်လေး လိုက်ခဲ့မှဖြစ်မယ်... ဟိုမှာ သခင်လေး ပျော်ရမှာပါ... သခင်လေး ပျော်အောင်လည်း ကျွန်တော် ထားပေးမယ် သခင်လေး..."

သူ ကိုခေါင့်ကိုကြည့်ကာ ပြုံးလိုက်မိလေသည်။ ကိုခေါင်ကတော့ တကယ်ပဲ သူ့ကိုပျော်အောင် ထားမယ့်ပုံပါ။ ဒါပေမဲ့ သူ မမ မရှိတဲ့အရပ်မှာ မနေနိုင်ဘူး။

"ဒယ်ဒီ့အလုပ်တွေကိုလည်း ကျွန်တော်လုပ်နိုင်မှာ မဟုတ်ဘူး... ဒယ်ဒီ့မှာ ကိုခေါင့်လိုမျိုး ယုံကြည်ရတဲ့သူတွေ ရှိတာပဲ ဘာလို့ ကျွန်တော့်ကိုမှ သူ့နေရာကို လွှဲပေးချင်ရတာလဲ..."

ဘော့စ်နှင့်သခင်လေးက သားအဖဆိုပေမဲ့ အနေဝေးကာ သွေးအေးနေသည့်ပုံပင်။ ဒါပေမဲ့ ဘော့စ်ကတော့ သခင်လေးအပေါ်မှာ ဖခင်တစ်ယောက်၏ မေတ္တာ အပြည့်အဝ ရှိတာကို ခေါင် သိသည်။ သခင်လေးကသာ

စွဲလမ်းစရာ တစ်ခုခုရှိနေလို့ ဘော့စ်ဆီကို လိုက်မနေချင်တာနေမှာ။

"သခင်လေး..."

"ကျွန်တော် မလိုက်ဘူး ကိုခေါင်..."

ဒီပုံစံအတိုင်းဆို သခင်လေးက တကယ်ပဲ သူခေါ်ရာကို လိုက်မှာမဟုတ်ဘူး။ သူဘယ်လို လုပ်ရမလဲ။ သခင်လေးကို မဖြစ်ဖြစ်အောင် အပါခေါ်ခဲ့ဖို့က သူ့တာဝန်။ ဒါပေမဲ့ သခင်လေးကို ဇွတ်အတင်းကြီးလည်း သူမလုပ်ချင်ဘူး။ သခင်လေးက ငယ်သေးသည်။ သူဖြစ်ချင်တာကိုသာ လုပ်မယ့်သူဖြစ်လို့ ဇွတ်အတင်းကြီး ဖိအားပေးတာမျိုးလည်း သူမလုပ်ချင်ဘူး။ သခင်လေး စွဲလမ်းနေသည့် အရာကို သခင်လေးရမှသာ ဘော့စ် စကားကို နားထောင်နိုင်မှာ။

"ဘော့စ်ရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ ထိုက်တန်တဲ့သူက ဒီကမ္ဘာမှာ သခင်လေးတစ်ယောက်ပဲရှိတာပါ... ကျွန်တော်တို့က အဲ့လိုနေရာနဲ့ ထိုက်တန်တဲ့သူမဟုတ်ဘူး သခင်လေး... ဘော့စ်ဆီကို သခင်လေးလိုက်မှ ဖြစ်မယ်... ကျွန်တော် ဒီကိုရောက်လာရတဲ့ တစ်ခုတည်းသော အကြောင်းရင်း ကလည်း အဲဒါပဲသခင်လေး... သခင်လေးမှာ ဘယ်လိုအခက်အခဲတွေ ရှိနေလို့ ကျွန်တော်နဲ့အတူ ဘော့စ်ဆီကို မသွားချင်ရတာလဲ..."

သခင်လေး၏ မျက်နှာက ပွင့်ပွင့်လင်းလင်း ပြောဖို့ တွေဝေနေတာ မဟုတ်ပေမဲ့လည်း တစ်ခုခုကို အလေးအနက်ထား စဉ်းစားနေသည့်ပုံပင်။ သွယ်လျနေသည့် လက်ချောင်းတချို့ကို ဆံပင်တွေထဲသို့ ထိုးသွင်းလိုက်ကာ စိတ်ရှုပ်သွားသလိုဖြစ်သွား၏။

"ကျွန်တော် မမမရှိတဲ့အရပ်မှာ တစ်စက္ကန့်လေးတောင်မှ မနေနိုင်ဘူး ကိုခေါင်..."

"ဟင်..."

သခင်လေးက ခပ်တိုးတိုးပြောလိုက်တယ် ဆိုပေမဲ့လည်း သူ့နားထဲမှာတော့ ပီပီသသ ကြားလိုက်ရသည်မို့ အံ့ဩသွားမိလေသည်။

"ဟုတ်တယ် မမသာ ကျွန်တော်နဲ့ အတူပါမယ်ဆိုရင် ဘယ်နေရာကိုပဲ ဖြစ်ဖြစ် ကျွန်တော် သွားနိုင်တယ်..."

"သခင်လေး အဲဒီမိန်းကလေးအပေါ်မှာ အဲ့လောက်တောင် မြတ်နိုး တာလား..."

"မြတ်နိုးတာထက် ပိုတယ် ကိုခေါင်... ကျွန်တော့်ဘဝမှာ မမမရှိလို့ မဖြစ်တော့ဘူး အဲဒါကြောင့်လည်း အခုချိန်ထိ ကျွန်တော် မမအနောက်ကို လိုက်နေတာပေါ့..."

"သခင်လေး..."

"မမနဲ့ပတ်သက်ပြီး နာကျင်စရာတွေရှိခဲ့ပေမဲ့ အဲဒီ နာကျင်စရာလေးတွေကိုပါ ကျွန်တော်က မြတ်နိုးခဲ့တာ..."

သည်နှစ်တွေမှာ သူ့ကို မမ ပါးဘယ်နှချက် ရိုက်ခဲ့တယ်ဆိုတာ သူ အတိအကျ မှတ်မိနေခဲ့ပေမဲ့လည်း သူ့ရင်ထဲမှာတော့ နာကျင်တယ်လို့ တစ်ခါမှမတွေးမိခဲ့ပါ။ မမအပေါ် အနည်းငယ်တောင်မှ သူ မငြူစူမိခဲ့။ သူ မမကို အဲ့လောက်ထိချစ်ခဲ့တာ။

"အဲဒါဆို သခင်လေး သူ့ကိုပါ ကချင်ပြည်နယ်ကို ခေါ်ခဲ့ပါ..."

"ဟင်..."

ကိုခေါင့်စကားကြောင့် သူအံ့ဩသွားတော့ ကိုခေါင်က သူ့ကို စနောက်နေတာ မဟုတ်ဘဲ အလေးအနက် ပြောနေသလို အကြည့်တွေဖြင့် ကြည့်နေလေသည်။

"ဟုတ်တယ် သခင်လေး… သူပါမှ သခင်လေးက လိုက်မှာမို့လား အဲဒါကြောင့် သူ့ကိုပါ ခေါ်ခဲ့လိုက်ပါ…"

"ဘယ်ဖြစ်မလဲ ကိုခေါင်ရယ်… မမက ကျွန်တော့်ကို အခုချိန်ထိ အဖြေပြန်ပေးသေးတာ မဟုတ်ဘူး…"

အဲ့လိုကျတော့လည်း သူ သခင်လေးအတွက် ဘယ်လိုစဉ်းစားပေးရ မှန်းမသိ ဖြစ်သွားမိတော့၏။ မိန်းကလေးဘက်က အဖြေ မပေးသေးတာ ခေါ်သွားလို့ကလည်းမရ။

"အဲဒါဆိုရင် သခင်လေး သူ့ဆီကအဖြေ အမြန်ရအောင် ကြိုးစားပါ သခင်လေး… ဘော့စ်က သခင်လေးကို အမြန် ခေါ်ခဲ့ခိုင်းနေတယ်…"

"အဓိပ္ပာယ်မရှိတာ ကိုခေါင်ရာ… ဒယ်ဒီက ကျွန်တော့်ကိုချစ်တယ်လည်း ပြောသေးတယ် ဘာလို့ ကျွန်တော်မလုပ်ချင်တဲ့ အလုပ်ကို အတင်း လုပ်စေချင်နေတယ်ဆိုတာ ကျွန်တော် လုံးဝနားမလည်ဘူးဗျာ…"

"ဘော့စ်လုပ်နေတဲ့ အလုပ်က သေးသေးမွှားမွှားလေး မဟုတ်ဘူး သခင်လေး… မိသားစုပေါင်းများစွာရဲ့ အသက်အန္တရာယ်… စားဝတ်နေရေး… ကုန်ကုန်ပြောရရင် မိသားစုပေါင်း များစွာရဲ့ အနာဂတ်က ဘော့စ်လက်ထဲမှာပဲ ရှိနေတာပါ သခင်လေး…"

သခင်လေး နားလည်အောင် အလွယ်ကူဆုံး ရှင်းပြလိုက်ပေမဲ့လည်း သခင်လေးကတော့ အလိုမကျသလို ငြိမ်သက်နေလေသည်။

"အဲ့လိုဖြစ်အောင် လုပ်ခဲ့တာလဲ ဒယ်ဒီပဲလေ… ဘာလို့ အဲဒီအလုပ်ကို ကျွန်တော်က ဆက်ပြီး လုပ်ရမှာလဲ ကိုခေါင်… ထားပါတော့ ကိုခေါင်ပြောသလို ကျွန်တော်က အဲ့အလုပ်ကို လွှဲပြောင်းယူလိုက်မယ် ဆိုရင်ရော ဘာတွေများ ပြောင်းလဲလာမှာမို့လို့လဲ နောက်ပြီး ဒယ်ဒီကရော အဲ့အလုပ်ကို

ဆက်မလုပ်နိုင် လောက်အောင် ဘယ်လိုအကြောင်းပြချက်များ ရှိနေလို့လဲ ကိုခေါင်..."

အခုချိန်မှာ သခင်လေး၏ မေးခွန်းတွေအတွက် သူ့မှာအဖြေမရှိသေးပါ။ ဘော့စ်က သခင်လေးကို ခေါ်ခဲ့ဆိုလို့သာ သူလာခေါ်ရတာ။ ခေါ်ရသည့် အကြောင်းအရင်း ကလည်း သခင်လေးကို ဘော့စ်နေရာကို လွှဲပေးဖို့ဆိုတာ ကိုပဲ သူသိသည်။

"အဲဒီအကြောင်းတွေကို ကျွန်တော် နောက်မှ သေချာရှင်းပြပါ့မယ် သခင် လေး..."

"အဲဒါဆို ကျွန်တော်က ဘာကိုမှရေရေရာရာ သေသေချာချာ မသိရဘဲ ကို ခေါင့်နောက်ကို လိုက်ခဲ့ရမှာပေါ့ ဟုတ်လား ကိုခေါင်..."

"လောလောဆယ် သခင်လေး လုပ်ရမှာက ဟိုမိန်းကလေးဆီက အဖြေ ရအောင် တောင်းဖို့ပဲ သခင်လေး..."

မမအကြောင်းက ခေါင်းထဲ ပြန်ဝင်လာတော့လည်း သူ့ရင်ထဲမှာ စိတ်ညစ် စရာတွေ ပျောက်သွားကာ အေးချမ်းသွားရပြန်သည်။ ဟုတ်တယ် မမက သူ့ ဘဝကို အေးချမ်းစေသည့်သူ။ အဲဒါကြောင့် ကိုခေါင်ပြောသလို သူ မမ အချစ်ကိုရအောင ် ယူရမယ်။ မမရဲ့အချစ်ကိုရပြီ ဆိုတော့မှ မမနဲ့အတူ ဒ ယ်ဒီ့ဆီကို သူသွားမယ်။ ဒါ ဒယ်ဒီ့ချွေးမပါ ဆိုပြီး မမနဲ့ မိတ်ဆက်ပေးရ မယ်။ အခုလိုဆိုတော့လည်း သူ့ဘဝကြီးက အတွေးနဲ့တင်ကြည်နူးစရာ ကောင်းနေ ပြန်ပါလား။

***

"ဟုတ်ကဲ့ပါရှင် ဒီနေ့မှာတော့ စိုးတို့ရဲ့ မဟူရာရုပ်သံလိုင်းကနေ အင်တာဗျူးမယ့် စီးပွားရေး လုပ်ငန်းရှင်ကတော့ ဦးရတုမာန်ပဲ ဖြစ်ပါတယ်

ရှင်... မင်္ဂလာပါ ဦးရတုမာန်..."

"မင်္ဂလာပါဗျာ..."

"ပထမဆုံးအနေနဲ့ စိုးမေးချင်တာကတော့ လက်ရှိမှာ ဦးရတုမာန်ရဲ့ လုပ်ငန်းလေး အကြောင်းကို ပရိသတ်တွေသိသွားအောင် ပြောပြပေးပါလား ရှင်..."

ကုမ္ပဏီရုံးခန်းထဲမှာ ဆိုပေမဲ့ ဘေးမှာလည်း မီဒီယာသမားတွေက ရှိနေတော့ သူ အတတ်နိုင်ဆုံး ပြုံးလိုက်ကာ

"ဟုတ်ကဲ့ပါ အခု ကျွန်တော်က ပြည်ပနိုင်ငံက ကားကုမ္ပဏီတစ်ခုနဲ့ လက်တွဲပြီး ပြည်တွင်းမှာ တင်သွင်း ရောင်းချနေတာ ဖြစ်ပါတယ်..."

"ဟုတ်ကဲ့ရှင့်..."

"အခုဆိုရင် ပြည်ပနိုင်ငံတွေက ကုမ္ပဏီတွေနဲ့ လက်တွဲနိုင်အောင် ကျွန်တော် ကြိုးစားနေပါတယ်... တော်တော်များများနဲ့လည်း လက်တွဲနိုင်အောင်လို့ ကျွန်တော့်ဘက်ကနေ ရှယ်ယာဝင်ထားတာတွေ ရှိပါတယ်..."

"ဒါဆိုရင် ဦးရတုမာန်က နိုင်ငံခြားနဲ့ မြန်မာနိုင်ငံကို ခဏခဏ အသွားအပြန် လုပ်နေရမှာပေ့ါနော်..."

"ဟုတ်ပါတယ်ဗျ..."

"အဲဒါဆိုရင် ဦးရတုမာန်ကတော့ ပင်ပန်းနေမှာပေ့ါနော်..."

သတင်းထောက်မလေးကိုကြည့်ကာ မာန် ပြုံးတယ်ဆိုရုံသာ ပြုံးလိုက်မိလေသည်။

"ဦးရတုမာန်အနေနဲ့ အိမ်ထောင်ရေးအတွက်ကိုရော မစဉ်းစားသေးဘူးလားရှင့်..."

သတင်းထောက်မလေး၏ စကားကြောင့် သူ့အကြည့်တွေက ကြိုးဆီသို့

ရောက်သွားလေသည်။ ကြိုးက အတွင်းရေးမှူးခုံမှာ ထိုင်ကာ ကွန်ပျူတာကို ကြည့်နေ၏။ သူ ကြိုးကိုကြည့်ကာ ပြုံးလိုက်ရင်းကနေ သတင်းထောက်မလေးကို ကြည့်လိုက်ကာ

"ကျွန်တော် သဘောကျရတဲ့ မိန်းကလေးတော့ ရှိပါတယ်..."

"ဘယ်သူလဲဆိုတာကိုရော သိခွင့်ရှိမလားရှင့်..."

"ကျွန်တော် သူ့ကို ဖွင့်မပြောရသေးပါဘူး..."

"ဩော်... အဲဒါဆို အမြန်ဆုံး ဖွင့်ပြောတော့မှာပေါ့နော်..."

သူပြုံးတယ်ဆိုရုံသာ ပြုံးလိုက်၏။ ဟုတ်တယ် သူ ကြိုးကိုချစ်မိနေပြီ။ အဲဒါကြောင့် ဖွင့်ပြောဖို့ ကြိုးစားတော့မယ်။

"ရှေ့ဆက်လုပ်မယ့် လုပ်ငန်းလေးတွေရှိရင်လည်း ပြောပြပေးပါဦး ရှင့်..."

"ကျွန်တော် လုပ်ငန်းတွေ တိုးချဲ့ဖို့ရှိပါသေးတယ်... အဲဒီအချိန် ရောက်ရင်လည်း ကျွန်တော် ပြောပြပေးပါ့မယ် ဒီနေ့တော့ ကျွန်တော့်မှာ အရေးတကြီး လုပ်စရာရှိနေလို့ နားလည်ပေးပါနော်..."

"ဩော် ဟုတ်ကဲ့ရှင့်... အခုလို ဖြေကြားပေးတာကိုပဲ စိုးက ကျေးဇူး တင်ပါတယ် ဦးရတုမာန်..."

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျာ..."

"ဒါဆို စိုးတို့ကို ခွင့်ပြုပါဦးနော်..."

"ဟုတ်ကဲ့..."

သတင်းထောက်တွေလည်း ထွက်သွားရော ကြိုးက သူ့အနားသို့ ရောက်လာကာ အအေးဖလားလေးကို ကမ်းပေးလာလေသည်။

"ကျေးဇူးပဲ ကြိုး..."

"ဟုတ်ကဲ့ သူဌေး..."

သူ ကြိုးကို မြတ်နိုးစွာငေးကြည့်လိုက်မိတော့ ကြိုးက သူ့ကိုပြုံးပြကာ လှည့်ထွက်သွား လေသည်။ ဟုတ်တယ် သေချာသွားပါပြီ သူ ကြိုးကို တကယ်ပဲချစ်မိလာပြီ။

***